ကြေးမုံ
The Mirror
၁၃၇၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်၊ ကြာသပတေးနေ့၊ (10-5-2012) (၇၁၁၆)

**ဒို့တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပိုလန် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

## ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ ဒီမိုကရေစီစနစ် ဆက်လက်ရှင်သန်ပြည့်စုံစေရေး ကြိုးပမ်းမှုများ ဆွေးနွေး



နေပြည်တော် မေ ၉

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပိုလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Radoslaw Sikorski ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံရာတွင် ၁၉၅၅ ခုနှစ်မှ စတင်ခဲ့သော နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုများ ပြန်လည်ဖော်ဆောင်ရေးအတွက် ခိုင်မာသောဆက်ဆံမှုများဖြင့် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရေး၊ မြန်မာ-ပိုလန် နှစ်နိုင်ငံသည် သမိုင်းကြောင်းအရ နိုင်ငံရေး၊ စီးပွားရေးအသွင်ကူးပြောင်းမှုလက္ခဏာများ တူညီသော နိုင်ငံနှစ်နိုင်ငံဖြစ်၍ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်သွားရေး၊ မြန်မာနိုင်ငံအတွင်း နိုင်ငံရေးတိုးတက် ဖြစ်ပေါ်ပြောင်းလဲမှုများ၊ ပြည်တွင်း ငြိမ်းချမ်းရေးဖြစ်ပေါ်တိုးတက်မှုများနှင့် အေးချမ်းတည်ငြိမ်စွာဖြင့် ဒီမိုကရေစီစနစ်သို့ တစ်ဆင့်ပြီးတစ်ဆင့် ကူးပြောင်းရာတွင် လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပြီဖြစ်၍ ဒီမိုကရေစီစနစ် ဆက်လက်ရှင်သန်ပြည့်စုံစေရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဆွေးနွေးကြသည်။

### ဆွေးနွေး

ဆက်လက်၍ မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးတို့အတွက် ဥရောပသမဂ္ဂမှ စီးပွားရေးပိတ်ဆို့မှုများအား ယာယီရပ်ဆိုင်းခြင်းမှ အပြီးတိုင် ရုပ်သိမ်းပေးနိုင်ရေး၊ ပိုလန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွင်း စက်ရုံအလုပ်ရုံများ၊ သင်္ဘောကျင်းလုပ်ငန်း၊ ရထားပို့ဆောင်ရေးဆိုင်ရာလုပ်ငန်း၊ စွမ်းအင်လုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံမည့်အခြေအနေများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာကဏ္ဍများတွင် အကူအညီများ ပေးအပ်နိုင်ရေးတို့ကို ခင်မင်ရင်းနှီးစွာဆွေးနွေးကြသည်။

### တက်ရောက်

ယင်းသို့တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် ပိုလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Radoslaw Sikorski ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ပိုလန်နိုင်ငံ သံအမတ်ကြီး H. E. Dr. Jerzy BAYER နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ (သတင်းစဉ်)



**ရင်းရင်းနှီးနှီး နှုတ်ဆက်**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပိုလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Radoslaw Sikorski အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပိုလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Radoslaw Sikorski ဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

**ထူးခြားသည့် နေ့အပူချိန်များ (၉-၅-၂၀၁၂)**

| | | | |
|---|---|---|---|
| ကလေးဝ | ၄၂ ဒီဂရီစင်တီဂရိတ် | ကလေး | ၄၁ ဒီဂရီစင်တီဂရိတ် |
| ချောက် | ၄၂ ဒီဂရီစင်တီဂရိတ် | မုံရွာ | ၄၁ ဒီဂရီစင်တီဂရိတ် |

**မှတ်သားဖွယ်ရာ မိုးရေချိန်များ (၉-၅-၂၀၁၂)**

| | | | |
|---|---|---|---|
| ဘီးလင်း | ၂ ဒသမ ၅၂ လက်မ | သီပေါ | သုည ဒသမ ၉၈ လက်မ |
| လောင်းလုံ | ၁ ဒသမ ၁၈ လက်မ | တောင်ကုတ် | သုည ဒသမ ၅၅ လက်မ |

ကြေးမုံစာတည်းရှုထောင့် ၁၀-၅-၂၀၁၂[ကြာသပတေးနေ့]။

# သွေးသည်အသက် အသက်သည်သွေး

သွေးသည် လူ၏အသက်ဖြစ်သည်ကို လူတိုင်းသိရှိကြပေသည်။ မှန်ပါသည်။ သွေးသည် အသက်ဖြစ်သလို အသက်သည်လည်း သွေးပင်ဖြစ်ပါသည်။ ဤသို့ဆိုလျှင် လူတို့၏အသက်အတွက် မရှိမဖြစ် အထူးလိုအပ်သော သွေးကို စေတနာသွေးလှူရှင်များက မွန်မြတ်စွာဖြင့် လှူဒါန်းမှုပြုနေကြပေသည်။ ဤကား ထူးကဲသောကုသိုလ်ပြုခြင်းပင်။ ဇီဝိတဒါန ကုသိုလ်ပြုခြင်းအမှုဖြစ်သည့် သွေးလှူဒါန်းခြင်းကို အသက် (၁၈)နှစ်မှ (၅၅) နှစ်အတွင်းရှိ ကျန်းမာသူ မည်သူမဆို လှူဒါန်းနိုင်ပေသည်။ အမျိုးသားများအတွက် ကိုယ်အလေးချိန် ပေါင် ၁၁၀ အထက်၊ အမျိုးသမီးများအတွက် ကိုယ်အလေးချိန် ၁၀၀ အထက်ရှိရမည်ဖြစ်ကာ လတ်တလောရောဂါဝေဒနာ (နှာစေး၊ ချောင်းဆိုး၊ ဆေးမှီဝဲမှုမရှိခြင်း) တို့မရှိပါက သွေးလှူနိုင်ပေသည်။

သွေးကို လှူဒါန်းခြင်းဖြင့် လူသားတို့အသက်ကို ကယ်တင်နိုင်သည့် ကုသိုလ်ဖြစ်ပြီး သွေးလှူဒါန်းခြင်းဖြင့် မည်သည့်အခါမှ ရောဂါကူးစက်ခံရမည်မဟုတ်ပါ။ အသုံးပြုနေသော အပ်များ၊ ပိုက်များသည် ပိုးကင်းစင်ပြီး တစ်ခါသုံးကိရိယာများသာ ဖြစ်ပါသည်။ သွေးမလှူဒါန်းမီ ဆရာဝန်မှ သင့်အား ကျန်းမာရေးစစ်ဆေးမှု စတင်ပြုလုပ်ပါသည်။

ကျန်းမာရေးနှင့် မညီညွတ်သူများ၏ သွေးများကို လက်မခံပါ။ သင့်လျော်သော လမ်းညွှန်မှုပေးပါသည်။ သွေးလှူဒါန်းခြင်းသည် သင်၏ ကျန်းမာရေးကို စစ်ဆေးခြင်းလည်း မည်ပါသည်။ သွေးလှူရှင်တစ်ဦးသည် သွေးကို လေးလတစ်ကြိမ်သာ လှူဒါန်းနိုင်ပါသောကြောင့် လိုအပ်သောလူနာများအား အဆင်သင့် ထောက်ပံ့နိုင်ရန် အစဉ်ကြိုးပမ်းနေရပါသည်။ သွေးလှူဒါန်းခြင်းဖြင့် ကိုယ်အလေးချိန် တိုးလာမှု လုံးဝမရှိပါ။ သင့်အတွက် သေချာပေါက် ရရှိသွားမည်မှာ လိုအပ်သောဝေဒနာရှင်လူနာတစ်ဦးအား ကူညီနိုင်မှုအတွက် ဖြစ်ပေါ်လာသော ပီတိသာဖြစ်ပါသည်။ သွေးလှူပြီးပါက တစ်ခါတစ်ရံ မူးမော်ခြင်းဖြစ်တတ်သည့်အတွက် သွေးမလှူမီ အစာတစ်ခုခုနှင့် အရည်တစ်မျိုးမျိုးကို ကြိုတင်စားသောက်ထားရမည်။

သွေးလှူဒါန်းပြီးလျှင် ရုတ်တရက် ထထိုင်ခြင်းမပြုဘဲ ၁၅ မိနစ်ခန့် လဲလျောင်းနေပါ။ သွေးလှူဒါန်းသောနေ့တွင် ရေနှင့်ဖျော်ရည်များများ သောက်ပေးရမည်။ သွေးဖောက်ထားသောလက်မောင်းကို သွေးလှူဒါန်းပြီး ၁၂ နာရီအတွင်း ပြင်းပြင်းထန်ထန်လှုပ်ရှားခြင်း၊ အလေးအပင်မခြင်းများ မပြုလုပ်ရပါ။ အလှူဒါနပြုခြင်းသည် ကောင်းမြတ်သောအစဉ်အလာတစ်ရပ်ဖြစ်သည်နှင့်အညီ ကျန်းမာကြံ့ခိုင်သည့်မိမိခန္ဓာကိုယ်အတွင်းမှ သန့်စင်သော စေတနာသွေးဖြင့် အခြားသူတစ်ဦး၏ အသက်ကို ကယ်တင်နိုင်ခြင်းသည် အမြတ်ဆုံး အလှူပင်ဖြစ်ပေသည်။ သွေးသွင်းကုသမှု လိုအပ်သောလူနာများအတွက် သွေးကို အချိန်မီလုံလောက်စွာ ရရှိရန်လိုအပ်သကဲ့သို့ ကျန်းမာသန့်စင်သည့် သွေးအလှူရှင်များက လှူဒါန်းကြရန်လည်း အရေးကြီးပေသည်။ အထူးသဖြင့် သွေးအလှူရှင်များသည် ကျန်းမာပြီး သွေးနီအားပြည့်မီသူများ၊ ခုခံအားကျဆင်းမှုကူးစက်ရောဂါပိုး၊ အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုး စသည့် ကူးစက်နိုင်သော ရောဂါပိုးကင်းစင်သူများ ဖြစ်ရမည် ဖြစ်ပါသည်။ သွေးသည် လူ၏အသက်ပင်ဖြစ်ရာ သွေးလှူဒါန်းခြင်းသည် ဇီဝိတဒါန မွန်မြတ်သောအလှူပင်ဖြစ်၍ မိမိကိုယ်တိုင် သွေးလှူဒါန်းခြင်းနှင့် စေတနာသွေးလှူရှင်များ တိုးပွားများပြားလာရေးအားထုတ်ကြိုးပမ်းနေခြင်းသည် ထူးကဲသောကုသိုလ်အမှု၊ လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်သော အမှုပင်ဖြစ်ရာ ဝိုင်းဝန်းကူညီ လှူဒါန်းမှုပြုကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား Qatar Airways အဖွဲ့ တွေ့ဆုံ

နေပြည်တော် မေ ၉

**ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား Qatar Airways မှ East Asia & South West Pacific, Senior Vice President Mr. Robert Yang၊ မြန်မာ၊ ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံအခြေစိုက် မန်နေဂျာ Mr. Joegendra Charles Rajadurai နှင့်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး ရုံးခန်းမ၌ လာရောက်တွေ့ဆုံပြီး ရန်ကုန်-ဒိုဟာခရီးစဉ် ပုံမှန်ပျံသန်းနိုင်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။** (အောက်ပုံ)



Qatar လေကြောင်းလိုင်းသည် ၂၀၀၄ ခုနှစ်တွင် မြန်မာနိုင်ငံနှင့် နှစ်နိုင်ငံ လေကြောင်းသဘောတူစာချုပ် ချုပ်ဆို၍ ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၈ ရက်မှ ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂၀ ရက်အထိ တစ်ပတ်လျှင် လေးကြိမ် ဒိုဟာ-ရန်ကုန်-ဒိုဟာ ခရီးစဉ်ကို ပျံသန်းပြေးဆွဲခဲ့ပြီး ၂၀၀၈ ခုနှစ်မှစ၍ ပျံသန်းမှုများရပ်နားထားခဲ့ရာမှ ယခုအခါ မြန်မာနိုင်ငံ၏နိုင်ငံရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများကြောင့် ပုံမှန်ပျံသန်းမှုများ ပြန်လည်စတင်ရန် ဆောင်ရွက်လာခြင်းဖြစ်သည်။

ပုံမှန်ခရီးစဉ်များအဖြစ် ပြန်လည်ဆောင်ရွက်ရာတွင် ၂၀၁၂ ခုနှစ် အောက်တိုဘာ ၃ ရက်မှစ၍ A-319, A-320 လေယာဉ်များဖြင့် ဒိုဟာ-ရန်ကုန်-ဒိုဟာ ခရီးစဉ်ကို တစ်ပတ်လျှင် သုံးခေါက် ပျံသန်းမည်ဖြစ်ပြီး အောက်တိုဘာ ၂၈ ရက်မှ စတင်၍ နေ့စဉ်ပျံသန်းမှု ပြုလုပ်သွားမည်ဖြစ်သည်။ နှစ်နိုင်ငံအကြား ချုပ်ဆိုထားသော လေကြောင်းသဘောတူညီချက် စာချုပ်အရ အဆိုပါခရီးစဉ်ကို နှစ်နိုင်ငံအကြား သတ်မှတ်ခွင့်ပြုထားသော လေကြောင်းလိုင်းများသည် ရက်သတ္တတစ်ပတ်လျှင် (၁၄)ကြိမ်အထိ ပျံသန်းခွင့်ရှိသည်။

Qatar လေကြောင်းလိုင်း ပုံမှန်ပြေးဆွဲခြင်းဖြင့် မြန်မာနိုင်ငံမှ ဥရောပ၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသများသို့ နေ့စဉ်ခရီးသွားလာမှုများ အဆင်ပြေချောမောစွာ သွားလာနိုင်ကြမည်ဖြစ်ပြီး ဈေးကွက်မြင့်မားလာပါက B-777 လေယာဉ်များဖြင့် ပြေးဆွဲသွားနိုင်ရေးတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပြည်ပတွင် အလုပ်လုပ်ကိုင်သူများ မော်တော်ယာဉ် တင်သွင်းခွင့် ထပ်မံလျှောက်ထားနိုင်ပြီ

ရန်ကုန် မေ ၉

ယာယီရပ်ဆိုင်းထားခဲ့သည့် ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်သူများ မော်တော်ယာဉ်တင်သွင်းခွင့်လျှောက်လွှာများကို မေ ၃ ရက်မှစ၍ ထပ်မံလျှောက်ထားနိုင်ပြီဖြစ်ကြောင်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ သတင်းရရှိသည်။

ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်ခဲ့သူများအား ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်း (၄၃) ရပ်ကွက် မင်းရဲကျော်စွာလမ်းရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန သင်တန်းကျောင်း ပင်လုံခန်းမ၌ ဆက်လက်၍ အရေအတွက် သတ်မှတ်လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ရာ သတ်မှတ်ချက်များနှင့်အညီ တင်ပြလျှောက်ထားနိုင်ကြောင်း သိရသည်။ (၆၈၁)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၀-၅-၂၀၁၂ (ကြာသပတေးနေ့)

- ၇း၀၅ တရားတော်
- ၈း၁၅ ဇာတ်လမ်းတို
- ၄း၂၀ ဇာတ်လမ်းတို
- ၄း၄၀ မွေးမြူသုတ
- ၅း၀၀ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၂၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အမေ့အပြုံး (အပိုင်း-၂)
- ၆း၃၀ ထူးဆန်းထွေလာ မျက်လှည့်ပညာ
- ၆း၄၅ ကာတွန်းအစီအစဉ် -စူပါဟမ်းစတား (အပိုင်း-၄၉)
- ၇း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကွန်ဖူးဘုရင်ဘရုစ်လီ (အပိုင်း-၃၃)**
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း -အနုပညာရှင်၏တစ်နေ့တာ -ကုန်သွယ်သုတ **-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အရိုက်အရာ" (အပိုင်း-၁၁)** **-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သမုဒယနှောင်ကြိုး" (အပိုင်း-၂၇)**

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၉ - ၅ -၂၀၁၂

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| မြန်မာ(ကျပ်) | ၈၂၆. ၀၀၀ | ၀. ၀၀၁၂၂ |
| ထိုင်း (ဘတ်) | ၃၀. ၁၀၅၀ | ၀. ၀၃၂၁၅ |
| တရုတ် (ယွမ်) | ၆. ၃၁၀၈၀ | ၀. ၁၅၈၄၆ |
| အိန္ဒိယ (ရူပီး) | ၅၃. ၇၅၅၀ | ၀. ၀၁၈၆၀ |
| မလေးရှား (ရင်းဂစ်) | ၃. ၀၇၀၈၈ | ၀. ၃၂၅၆၄ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၅၃၆၉ | ၀. ၇၉၇၆၄ |
| ဂျပန် (ယန်း) | ၇၉. ၅၈၁၅ | ၀. ၀၁၂၅၇ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၄၂. ၆၀ | ၀. ၀၀၀၈၈ |
| ယူရို | ၀. ၇၇၂၉၆ | ၁. ၂၉၃၇၃ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၂၁၈၅ | ၁. ၆၀၈၁၁ |

အင်တာနက်။

ယနေ့ ဖတ်စရာ မှတ်စရာ ခင်မောင်ငွေး (ပညာရေး)

# ကလေးများအတွက် နေရာ

လူဦးရေ ခြောက်သန်းကျော်နေထိုင်သည့် ရန်ကုန်မြို့ကြီးသည် ပို၍ပို၍လူနေသိပ်သည်းလာသည်။ ကားများရှုပ်ထွေးပြီး လမ်းများပြည့်ကျပ်လာသည်။ တိုက်တာအခန်းများတွင် နေထိုင်ရသူများမှာလည်း မွမ်းကျပ်ပိတ်လှောင်နေသောအခန်းများ၌ နေရောင်ခြည် အလင်းကောင်းစွာမရ၊ လေဝင်လေထွက်ညံ့သောအခန်းများတွင် ဟန်တစ်လုံးပန်တစ်လုံးနှင့်နေနေရသည်။ နေအိမ်တိုက်တာသည် အိပ်စက်ရန် သက်သက်လောက်သာဖြစ်နေသည်။

အိမ်အသီးသီးမှကလေးများမှာလည်း ကျောင်းရောက်သောအခါ ကျောင်းတိုင်းတွင် ကစားကွင်း လုံလုံလောက်လောက် ကျယ်ကျယ်ပြန့်ပြန့်မရှိ။ ကျူရှင်တက်သောအခါတွင်လည်း ဆရာမ၏အိမ်ခန်းကျဉ်းကျဉ်းလေးတွင် မလူးသာ အလွန့်သာ။ အိမ်ပြန်ရောက်သောအခါတွင်လည်း ကျယ်ကျယ်ပြန့်ပြန့်မရှိလှ။ တစ်နှစ်ပတ်လုံး ဤအနေအထားဖြင့် ကြီးပြင်းလာသောအခါ ကလေးများသည် အသိဉာဏ်ပညာ အရည်အသွေးဆိုသည်ထက် ကိုယ်ကာယဖွံ့ဖြိုးမှုသိသိသာသာ ပိန်လှီသေးကွေးလာသည်ကို တွေ့ရသည်။ ယခု ၁၀ တန်းတက်မည့် ကျောင်းသူကျောင်းသားများကိုကြည့်လျှင် ယခင်ခေတ် ငါးတန်း ၊ ခြောက်တန်းအရွယ်မျှလောက်သာ ရှိ၏။ သန်မာထွားကျိုင်းမှုမရှိ။ ပိန်ပါးပါး ပျော့ခွေခွေ။ ထိုက်သင့်သည့် ကိုယ်ကာယလှုပ်ရှားမှု နေ့စဉ်မရှိသောကြောင့်ပင် ဖြစ်သည်။

မိဘတိုင်း မိမိတို့၏သားသမီးများကို ဤသို့အမြဲတစေ မကြည့်ရက်နိုင်ပါ။ ထို့ကြောင့် ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်ကလေးများရှိလျှင် ကျယ်ကျယ်ပြန့်ပြန့် လွတ်လွတ်လပ်လပ်ကစားနိုင်မည့်နေရာသို့ ပို့ပေးနိုင်ရန် ရှာကြံကြသည်။ မကြာခင်က ရန်ကုန်မြို့ မြေပဒေသာကျွန်းတွင် ဖွင့်လှစ်လိုက်သည့် ရေခဲကမ္ဘာ (Ice Wander Land) သည် ကလေးများအတွက် နိုင်ငံတကာနှင့်စံမီတန်းမီချိတ်ဆက်ပေးလိုသည့် စေတနာပေါ်လွင်သည်။ သွားမည်ဆိုတော့လည်း စဉ်းစားရသည်။ အပူအအေးကွာခြားသောနေရာတစ်ခုသို့ ဝင်ရောက်ဖို့ဆိုလျှင် စည်းကမ်းချက်ကို အတိအကျလိုက်နာနိုင်မှုဖြစ်မည်။ ဝင်ချင်သလို ထွက်ချင်သလို လုပ်၍မရ။ ကြော်ငြာရိုက်ကွင်းများကြောင့် ပို၍လူသိများသည်။ သို့သော် ဝင်ကြေးက ငါးထောင်၊ လေးထောင်၊ သုံးထောင်၊ ပိတ်ရက်တစ်မျိုး ဖွင့်ရက်တစ်မျိုး ဈေးဖြစ်သည်။ မိသားစုငါးဦးသွားမည်ဆိုလျှင် လိုင်းကားအရောက်အပေါက်နည်း၍ တက္ကစီနှင့်သွားလျှင် အသွားအပြန်ခ၊ ကလေးများ မုန့်စားကြဦးမည်ဆိုလျှင် အနည်းဆုံး လေးသောင်းခန့်မပါဘဲမဖြစ်။ ဤငွေကြေးပမာဏသည် သာမန်ဝန်ထမ်းတစ်ဦး၏ တစ်လလုံးလုပ်ခလစာနီးပါး။ အများစုနှင့် အဆင်မချောလှသေး။

နောက်တစ်နေရာစဉ်းစား၏။ တိရစ္ဆာန်ဥယျာဉ်။ ရန်ကုန်ရောက်ခဏဝင်ကြေး တစ်ရာ၊ နှစ်ရာ။ နောက် နှစ်ရာ၊ ငါးရာ။ မနေ့တစ်နေ့ကပင် ကလေး ငါးရာ။ လူကြီး တစ်ထောင်တဲ့။ ပြည်သူ့တိရစ္ဆာန်ဥယျာဉ်မှ တိရစ္ဆာန်ဥယျာဉ်ဟု အမည်ပြောင်းသွားပြီထင်သည်။ အကြိမ်ကြိမ်ရောက်ဖူးသည်။ ထူးထူးကဲကဲ ဝန်ဆောင်မှု၊ ထူးထူးခြားခြား တိရစ္ဆာန်မျိုးစိတ်များမရှိ။ ဝင်၍ ထိုင်ရုံသက်သက်။ အဆင်မပြေလှသေး။

ဤသို့ဆိုလျှင် ဥယျာဉ်ကြီးများ၊ ပန်းခြံကြီးများမရှိတော့လေပြီလား။ ရှိမှ ရှိ။ သို့သော်လည်း ကျယ်ပြန့်လွန်းသည်။ အခန်းများ၊ အဆောင်များနှင့် လူငယ်လူရွယ်များ၊ မိန်းကလေးများဖြင့်။ ကလေးများအား နည်းပေးလမ်းပြဖြစ်မည် စိုးရပြန်သည်။ မသင့်လျော်ပြန်။ သခင်မြပန်းခြံအနီးမှ နေ့စဉ်ဖြတ်သွားနေရ၏။ ကျယ်ဝန်းသည်၊ အရိပ်အာဝါသကောင်းသည်။ သို့သော် ကလေးများ ပျော်ရွှင်စရာမရှိ။ နားနေရုံသက်သက်ဆိုပြန်တော့ ကလေးများ ပျော်မည်မဟုတ်။

ဤသို့ဖြင့် ပြည်သူအတွက် ပြည်သူ့ရင်ပြင်သို့ လှမ်းခဲ့ကြ၏။ ဝင်ကြေး ယခုအထိ မဆိုးလှသေး။ နေရာထိုင်ခင်း ကျယ်ဝန်းသည်။ အရိပ်အာဝါသကောင်းသည်။ ရေပန်းများ ရေကန်များလည်း ရှိသည်။ ခေတ်မီကစားကွင်းလည်း ရှိသည်။ သွားလာရေးလည်း လွယ်ကူသည်။ ကဲ တစ်နေ့တာ ပျော်ပါလေတော့ သားသားမီးမီးတို့ရေ. . .။

စင်စစ်စာရေးသူတို့ လူကြီးများ ရွတ်ဆိုလေ့ရှိသည့် စကားရှိပါသည်။ "ကလေးများသည် တိုင်းပြည်၏ ရတနာ၊ အနာဂတ်ကြယ်ပွင့်ကလေးများ၊ ယနေ့ လူငယ် နောင်ဝယ် လူကြီး" ဟူ၍ စာရွက်ပေါ်က အရေးအသားများ အလွန်ဖတ်၍ ကောင်းပါသည်။ ကလေးများမှာ ငယ်ရွယ်သူမို့ နားမလည်ကြ၍သာ။ သူတို့နားလည်ကြမည်ဆိုလျှင် "သားတို့ကလေးတွေအတွက် ဘာတွေများ လုပ်ပေးသလဲ" ဆိုသည့်မေးခွန်းကို တွင်တွင်သာမေးနေလိမ့်မည် ထင်ပါသည်။

'ယနေ့လူငယ် နောင်ဝယ်လူကြီး' ဖြစ်မှာတော့ သေချာပါသည်။ မည်သို့သော လူကြီးမျိုးဖြစ်လာရမည်နည်း။ မည်သို့သော ပြုစုပျိုးထောင်မှု၊ ပုံသွင်းမှု၊ ပုံဖော်မှုများဖြင့် ထုဆစ်ကြမည်နည်း။ မျိုးစေ့မှန်မှ အပင်သန်ပါသည်။ အပင်သန်မှ အသီးဖြိုးအပွင့်လှိုင်၍ ရနံ့ကြိုင်နိုင်ပါလိမ့်မည်။ ကလေးများအတွက် တောင်းဆိုပါရစေ။ ကလေးတိုင်း ကလေးတိုင်း ဆော့ကစားရင်း အပန်းဖြေနိုင်မည့်နေရာများ ဖော်ထုတ်စေချင်ပါသည်။ ရှိသည့်အားကစားကွင်း၊ ပန်းခြံတိုင်း စည်ကားစေချင်ပါသည်။ ကလေးတိုင်းအတွက် ပျော်နိုင်ခွင့်ကို အဟန့်အတားကြီးကြီးမားမား မဖြစ်စေချင်။ ကလေးများအတွက် နေရာပေးကြပါဟု. .။

မမျှော်လင့်ဘဲ သတင်းတစ်ပုဒ်ဖတ်ရပါသည်။ "ရန်ကုန်ဧရိယာတွင်း မြို့နယ်များရှိ ပန်းခြံနှင့်အားကစားကွင်းများတွင် တည်ဆောက်ထားသော လူနေတိုက်ခန်းများ ဖယ်ရှားရန် ရန်ကုန်မြို့တော်စည်ပင်က အသိပေးစာထုတ်ပြန်ထားကြောင်း ၊ ရန်ကုန်ဧရိယာအတွင်း ပန်းခြံနှင့် အားကစားကွင်း စုစုပေါင်း ၈၅ ကွင်းရှိကြောင်း လူဦးရေ ထူထပ်လာသည်နှင့် ကလေးများအတွက် အားကစားကွင်းများ၊ ပန်းခြံများ လိုအပ်လာသောကြောင့်ဖြစ်ကြောင်း စသည်ဖြင့် ကြားရ၏။

ကလေးများအတွက် ဗျို့ဟစ်၍ မောင်းတီးမည်ကြံကာရှိသေး " မျှော်လင့်တုန်းကြော့ဆုံးရောက်လာ" ဆိုသကဲ့သို့ သတင်းကောင်းကြားရ၍ ကလေးများအတွက်သာမက မြို့နေမိဘပြည်သူများ ဝမ်းသာလှိုက်လှဲကြိုဆိုနေကြမည်ဖြစ်သည်။ ကလေးတိုင်းအဖိုးနှုန်းသက်သာစွာဖြင့် လွတ်လပ်ပျော်ပါးနိုင်မည့် အားကစားကွင်းများ၊ ပန်းခြံများ ပေါ်ထွက်နိုင်ပါစေဟု ဆုတောင်းလျက် . . . . .။ ။

# အေးချမ်းမေတ္တာရောင်းဝယ်ရေးကုမ္ပဏီလီမိတက်မှ ပြန်ကြားရေးဝန်ကြီးဌာနသို့ Emergency Live Broadcasting မော်တော်ယာဉ် လွှဲပြောင်းပေးအပ်လှူဒါန်း

နေပြည်တော် မေ ၉

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ Beijing Xinwei Telecom Technology Inc ၏ ဌာနေကိုယ်စားလှယ်ကုမ္ပဏီဖြစ်သော အေးချမ်းမေတ္တာရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်မှ ပြန်ကြားရေးဝန်ကြီးဌာနသို့ Emergency Live Broadcasting မော်တော်ယာဉ်တစ်စီး လွှဲပြောင်းပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်အားပေးသည်။**





ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း အေးချမ်းမေတ္တာရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်မှ ပြန်ကြားရေးဝန်ကြီးဌာနသို့ Emergency Live Broadcasting မော်တော်ယာဉ်တစ်စီး လွှဲပြောင်းပေးအပ်လှူဒါန်းသည့် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်၊ ပြန်ကြားရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ Beijing Xinwei Telecom Technology Inc မှ McWiLL နည်းပညာတီထွင်ခဲ့သူ Chief Scientist Dr. Xu Guang Han၊ အေးချမ်းမေတ္တာရောင်းဝယ်ရေးကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် ဦးဇော်ဝင်းနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမှုဆောင်အရာရှိချုပ် ဦးဇော်ဝင်းက မော်တော်ယာဉ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် အမိမြန်မာနိုင်ငံ၏ အဓိကကျ၍ အရေးပါလှသည့် သတင်း၊ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးကဏ္ဍများတွင် အသုံးပြုနိုင်ရန် 2010 ITU ရရှိသည့် Mc WiLL စနစ် Video Carrier ဖြင့် တွဲဖက်၍ ကွင်းဆင်းရိုက်ကူးသည့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပြသနိုင်သည့် မော်တော်ယာဉ်နှင့် စက်ပစ္စည်းများအား လက်ဆောင်အဖြစ် ပေးအပ်ခွင့်ရရှိသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မြေငလျင်လှုပ်ခြင်း၊ လေပြင်းမုန်တိုင်းတိုက်ခတ်ခြင်းစသည့် သဘာဝဘေးအန္တရာယ်များနှင့် မီးလောင်ခြင်း၊ ယာဉ်မတော်တဆဖြစ်ခြင်းစသည့် Emergency ကိစ္စရပ်များအား အချိန်နှင့် တစ်ပြေးညီ ထုတ်လွှင့်ပြသနိုင်မည်ဖြစ်သည့်အပြင် တောင်ပေါ်မြေပြန့်၊ ကျေးလက်ဒေသနေ လူတန်းစားများအားလုံးအတွက် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ၊ တိရစ္ဆာန်ဆေးဝါးကုသထုံးများ၊ စိုက်ပျိုးရေးနှင့် ၎င်းအတွက် အထူးအရေးကြီးသည့် ရာသီဥတုအခြေအနေများ၊ အဝေးမှ ဆေးဝါးကုသခံယူခြင်း၊ ပညာသင်ယူခြင်း၊ သီးနှံပေါက်ဈေးနှင့် အထွေထွေသတင်းအချက်အလက်များကို စုဆောင်းသိရှိနိုင်ခြင်း၊ အချင်းချင်း Internet ကို အသုံးပြု၍ ဆက်သွယ်နိုင်ခြင်းနှင့် ဘဏ်နှင့်ပတ်သက်သည့် ငွေကြေးကိစ္စများကို ဆောင်ရွက်နိုင်ခြင်း စသည်တို့ကို ဆောင်ရွက်နိုင်ပြီး လုပ်ငန်းများအောင်မြင်ရန်၊ အဆုံးအရှုံး၊ အပျက်အစီးများကို ကာကွယ်နိုင်ရန်၊ ကျန်းမာရေး၊ ပညာရေးနှင့် ခေတ်မီတိုးတက်ရေးများအတွက် အလွန်တန်ဖိုးရှိသည့် စနစ်သစ်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် Beijing Xinwei Telecom Technology Inc မှChief Scientist Dr. Xu Guang Han က Mc WiLL နည်းပညာဆိုင်ရာများနှင့် Emergency Live Broadcasting မော်တော်ယာဉ်၌ နည်းပညာသုံးစွဲမှုများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ Chief Scientist Dr. Xu Guang Han နှင့် အမှုဆောင်အရာရှိချုပ် ဦးဇော်ဝင်းတို့က Emergency Live Broadcasting မော်တော်ယာဉ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က လက်ခံသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ကျေးဇူးတင်စကားပြောကြားရာတွင် Mc WiLL နည်းပညာကို တီထွင်ခဲ့သူ၏ တင်ပြချက်များအရ Mc WiLL နည်းပညာအတော်ပင်မြင့်မားကျယ်ပြန့်လာသည့် အနေအထားကို တွေ့ရှိရပါကြောင်း၊ မိမိတို့နိုင်ငံ၌ ဝေးလံခေါင်သီလှသည့် နေရာများတွင် ဆက်သွယ်ရေး အခြေခံအဆောက်အအုံများ အလုံအလောက်မရှိသေးသည့်အတွက် ဆက်သွယ်ရေးလုပ်ငန်းများ၌ အခက်အခဲများရှိနေကြောင်း၊ သို့ဖြစ်၍ မိမိတို့နိုင်ငံ၏ ဆက်သွယ်ရေးနှင့် ရေဒီယို၊ ရုပ်မြင်သံကြားဆိုင်ရာ ကိစ္စများတွင် Mc WiLL နည်းပညာဖြင့် ပေါင်းစပ်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများတွင် ဆက်သွယ်ရေးအခြေခံအဆောက်အအုံများ ပျက်စီးသွားသော်လည်း ယင်းဒေသရှိ သတင်းအချက်အလက်များကို သက်ဆိုင်ရာအစိုးရနှင့် တစ်နိုင်ငံလုံးရှိ ပြည်သူများသို့ အခက်အခဲမရှိ ထုတ်လွှင့်ပြသနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် အရေးပေါ်ဆောင်ရွက်ရန်ရှိသည့်ဒေသ၌ ယင်းမော်တော်ယာဉ်နှင့် ငါးမိုင်၊ ၁၀ မိုင်အတွင်းရှိ သတင်းအချက်အလက်များကို ရယူပြီး သက်ဆိုင်ရာဌာနသို့ ပေးပို့နိုင်သည့်အတွက် ပြည်သူများသို့ အချိန်မီတင်ပြဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ယခုမော်တော်ယာဉ်သည် ဆက်သွယ်ရေးလုပ်ငန်းတွင်သာမက ရေဒီယိုနှင့် ရုပ်မြင်သံကြား ထုတ်လွှင့်ရေးလုပ်ငန်းများတွင်လည်း ထိရောက်စွာအသုံးပြုနိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၌ ဝေးလံခေါင်သီသော ဒေသများနှင့် သဘာဝဘေးအန္တရာယ်ကျရောက်သော နေရာများတွင် ယင်းမော်တော်ယာဉ်ကို အသုံးပြု၍ ဒေသဆိုင်ရာ အချက်အလက်များကို Intime, Ontime ထုတ်လွှင့်နိုင်မည် ဖြစ်ပါကြောင်း၊ ထို့ပြင် သတင်းစာများအတွက် သတင်းဓာတ်ပုံနှင့် သတင်းစာသားများ ပေးပို့ခြင်းတို့ကိုလည်း အသုံးပြုနိုင်သည့်အတွက် များစွာအထောက်အကူပြုမည် ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ယခုမော်တော်ယာဉ်လှူဒါန်းသည့် ကုမ္ပဏီနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ ဆက်လက်ဆွေးနွေးပြီး နည်းပညာများရယူကာ ပူးပေါင်းဆောင်ရွက်သွားရန် လိုကြောင်း၊ ယခုလို မီဒီယာကဏ္ဍအတွက် အကျိုးရှိအောင် လှူဒါန်းသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Beijind Xinwei Telecom Technology Inc (in Corporation) နှင့် ၎င်း၏ ဌာနေကိုယ်စားလှယ်ကုမ္ပဏီဖြစ်သည့် အေးချမ်းမေတ္တာရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်နှင့် ဌာနဆိုင်ရာအကြီးအကဲများသည် Emergency Live Broadcasting မော်တော်ယာဉ်အား ကြည့်ရှုကြရာ တာဝန်ရှိသူများက စက်တပ်ဆင်မှု၊ အသုံးပြုမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြသကြသည်။

ယခု ပြန်ကြားရေးဝန်ကြီးဌာနသို့ လှူဒါန်းသည့် Emergency Live Broadcasting မော်တော်ယာဉ်သည် သတင်း၊ ပြန်ကြားရေးနှင့် ဆက်သွယ်ရေး ကဏ္ဍများတွင် အသုံးပြုနိုင်ရန် Mc WiLL Mobile Broadband Access System နှင့်တွဲဖက်၍ ကွင်းဆင်းရိုက်ကူးသည့် သတင်းအချက်အလက်များကို Mobile Vehicle Unit မှ တစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ပြည်သူတို့ တိုက်ရိုက်ကြည့်ရှုနိုင်ရန် ထုတ်လွှင့်ပြသနိုင်သည့် စက်ဖြစ်ပြီး ယင်းစက်ကို အသုံးပြု၍ ဆက်သွယ်ရေး ခက်ခဲသော နေရာဒေသများ၌ အရေးပေါ်သတင်းရိုက်ကူးခြင်း၊ အသံ၊ သတင်းအချက်အလက်များကို အချိန်တိုအတွင်း အလျင်အမြန်ပေးပို့ခြင်းနှင့် ဆက်သွယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ကြောင်း၊ ၎င်းမော်တော်ယာဉ်၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၆၀၀၀၊ ယင်းနှင့် ဆက်စပ်ပစ္စည်းဖြစ်သည့် Backpack CPE နှစ်စုံနှင့် လက်ကိုင်စကားပြောစက် ၁၀ စုံ၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၈၀၀ ဖြစ်၍ စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၁၈၂၈၀၀ ဖြစ်ကြောင်း၊ Mc WiLL System သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Beijing Xinwei Telecom Technology Inc ၏ မူပိုင် နည်းပညာဖြစ်ပြီး Beyond 3G Mobile System တစ်ခုဖြစ်ကာ Voice and Data Service တို့ကို အသုံးပြုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)



**အေးချမ်းမေတ္တာရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်မှ ပြန်ကြားရေးဝန်ကြီးဌာနသို့ လှူဒါန်းသည့် Emergency Live Broadcasting မော်တော်ယာဉ်အား တွေ့ရစဉ်။** (သတင်းစဉ်)

## အာမခံလုပ်ငန်းလုပ်ကိုင်လိုသူများ လျှောက်ထားလျက်ရှိ

**ရန်ကုန် မေ ၉**

ဈေးကွက်စီးပွားရေးစနစ် ဖြစ်ထွန်းလာချိန်တွင် အသက်အာမခံနှင့် အထွေထွေအာမခံချက်များကို ပြည်သူများ အနေဖြင့် ပိုမိုထိရောက်ကျယ်ပြန့်စွာ ပါဝင်ဆောင်ရွက်နိုင်ရေးတို့ကို ရည်ရွယ်၍ မြန်မာ့အာမခံလုပ်ငန်း ခြောက်မျိုးမှ ပုဂ္ဂလိကအာမခံလုပ်ငန်းများကို ဇွန် ၁ ရက်တွင် လွှဲပြောင်းပေးအပ်နိုင်ရန်အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များထံသို့ အသိပေးလျှောက်လွှာများ ခေါ်ယူခဲ့သည်။ မေ ၂ ရက်မှ မေ ၅ ရက်အထိ စိတ်ဝင်စားမှုရှိသော ပုဂ္ဂလိကလုပ်ငန်းရှင် ၉၀ လာရောက်လျှောက်ထားကြောင်း မြန်မာ့အာမခံလုပ်ငန်း အထွေထွေမန်နေဂျာ ဒေါက်တာမောင်မောင်သိမ်း၏ ပြောကြားချက်အရ သိရသည်။

နိုင်ငံပိုင် မြန်မာ့အာမခံလုပ်ငန်းကို ၁၉၅၂ ခုနှစ်မှစ၍ အာမခံခြောက်မျိုးဖြင့် ရုံးခွဲပေါင်း ၃၈ ရုံးကို ဖွဲ့စည်းဆောင်ရွက်ခဲ့ရာတွင် နိုင်ငံပိုင်အာမခံလုပ်ငန်းတွင် အသက်အာမခံလုပ်ငန်း၊ မီးအာမခံလုပ်ငန်း၊ မော်တော်ယာဉ် အမျိုးမျိုးအာမခံလုပ်ငန်း၊ ငွေပို့ငွေလွှဲ အာမခံလုပ်ငန်း၊ ငွေသားလုံခြုံမှုအာမခံလုပ်ငန်း၊ သမာဓိအာမခံလုပ်ငန်း ခြောက်မျိုးအနက် အသက်အာမခံ၊ မီးအာမခံ၊ မော်တော်ယာဉ်ပျက်စီးခြင်း အာမခံတို့ကိုသာ ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ယနေ့ မြန်မာ့အာမခံလုပ်ငန်းများကို ပြည်သူများ ပိုမိုထိတွေ့ဆောင်ရွက်နိုင်ရန်အတွက် ပုဂ္ဂလိကအာမခံလုပ်ငန်း လုပ်ပိုင်ခွင့်များတွင် အထွေထွေအာမခံနှင့် အသက်အာမခံနှစ်ရပ်အတွက် ငွေကျပ်သန်းပေါင်း ၄၆၀၀၀ ကို မတည်ရင်းနှီးငွေ ထည့်ဝင်နိုင်ပြီး အထွေထွေအာမခံအတွက် ငွေကျပ်သန်းပေါင်း ၄၀၀၀၀ သတ်မှတ်ပြီး အသက်အာမခံလုပ်ငန်းအတွက် ငွေကျပ်သန်းပေါင်း ၆၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

ပုဂ္ဂလိကအာမခံလုပ်ငန်း လုပ်ကိုင်နိုင်ရန် စီးပွားရေးပညာရှင်များအတွက် မြန်မာ့အာမခံဌာနမှ ချမှတ်ပေးထားသော စည်းကမ်းချက် ကိုးချက် ရှိသည်ဟု သိရသည်။ အဆိုပါစည်းကမ်းချက် ကိုးချက်မှာ တာဝန်ခံအရာရှိ၏ ကိုယ်ရေးရာဇဝင် အကျဉ်းချုပ်ပါရှိရမည်။ အာမခံကုမ္ပဏီတည်ထောင်မည့် ဖွဲ့စည်းပုံ၊ နောက်ခံကုမ္ပဏီ(သို့) ယခုလုပ်ကိုင်မည့် ကုမ္ပဏီအုပ်စု၏ အကြောင်းအရာ အကျဉ်းချုပ်၊ တစ်ဆင့်အာမခံထားမည့် အစီအစဉ်ပါရှိရမည်။

လုပ်ကိုင်မည့် အာမခံအမျိုးအစားအလိုက် အသုံးပြုမည့် စာချုပ်စည်းကမ်းချက်များ၊ လုပ်ငန်းစီမံကိန်းများ ပါရှိရမည်။ အသင်းအဖွဲ့၏ မှတ်တမ်းနှင့် အသင်းအဖွဲ့ စည်းမျဉ်းပါရှိရမည်။ အာမခံကုမ္ပဏီတည်ထောင်ခွင့်ရလျှင် သတ်မှတ်ထားသည့် မတည်ရင်းနှီးငွေ အထွေထွေအာမခံအတွက် ငွေကျပ်သန်းပေါင်း ၄၀၀၀၀၊ အသက်အာမခံ ငွေကျပ်သန်းပေါင်း ၆၀၀၀ မတည်ရင်းနှီးထည့်ဝင်ပါမည်ဟု ဝန်ခံကတိပြုစာပါရှိရမည်။ ထို့ပြင် ပုဂ္ဂလိက အာမခံကုမ္ပဏီဖွင့်လှစ်မည့် ရုံးအဆောက်အအုံ အကျယ်အဝန်း၊ မြေနေရာတို့လည်း ပါဝင်ရမည်ဖြစ်ကြောင်း သိရသည်။

ပွင့်ဦး (ရန်ကုန်)

## တရားမဝင်ဆင်ဆာမဲ့ DVD/VCD ခွေများဖျက်ဆီး

**နေပြည်တော် မေ ၉**

နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် တရားဥပဒေစိုးမိုးရေးအား ပျက်ပြားစေပြီး ဒုစရိုက်မှုများကျူးလွန်ရာတွင် အားပေးအားမြှောက်ဖြစ်စေသည့် တရားမဝင် ဆင်ဆာမဲ့ ညစ်ညမ်းခွေ၊ နိုင်ငံခြားဇာတ်လမ်းခွေများနှင့် မြန်မာဇာတ်လမ်းခွေ၊ သီချင်းခွေ DVD/VCD များအား ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပြသခြင်း၊ ဖြန့်ချိခြင်းတို့ကို ပြစ်မှုဆိုင်ရာဥပဒေများဖြင့် တားမြစ်ပြဋ္ဌာန်းထားပြီး ဥပဒေနှင့်အညီ ထိရောက်စွာ ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

တရားမဝင်ဆင်ဆာမဲ့ DVD/VCD အခွေများအား ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပြသခြင်း၊ ဖြန့်ချိခြင်းတို့ကို ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့ရာ ၂၀၁၁ ခုနှစ် ဧပြီလမှ ၂၀၁၂ ခုနှစ် မတ်လအထိ တစ်နှစ်ကာလအတွင်း နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတို့မှ ဖမ်းဆီးရမိမှု ၆၁၄ မှု၊ တရားခံ ၅၅၇ ဦးနှင့်အတူ ငွေကျပ် ၁၀၁၄၀၂၄၀၀ တန်ဖိုးရှိ DVD/VCD တရားမဝင် ဆင်ဆာမဲ့ ၃၃၈၀၀၈ ခွေ ဖမ်းဆီးရမိခဲ့ပြီး ငွေကျပ် ၅၁၁၃၅၇၀၀ တန်ဖိုးရှိ DVD/VCD တရားမဝင်ဆင်ဆာမဲ့ခွေ ၁၆၉၄၂၂ ခွေကို ဖျက်ဆီးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

**၁၀-၅-၂၀၁၂ (ကြာသပတေးနေ့)**

| | |
|---|---|
| ၅း၄၀ | “တရားရသော် တရားနဲ့ပျော်” တရားတော် (ညောင်ကန်အေး ဆရာတော်ဒေါက်တာအရှင် ကုန္ဒက) |
| ၁၀း၅၅ | မီးရထားကြီးစီးပြီး ခရီးသွားကြမယ် |
| ၁၂း၄၀ | **မြန်မာရုပ်သံဇာတ်လမ်းတွဲ** "The Sign of Love" (အချစ်သင်္ကေတ) (အပိုင်း-၄) |
| ၅း၀၀ | တုန့်နှိုင်းမရသော မေမေ့မေတ္တာကို ဖွင့်ဆိုကြသူများ . . (အကယ်ဒမီမေသန်းနု၊ တင်မိုးလွင်၊ ဒေါ်သန်းသန်းစိန်) |
| ၆း၁၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အဖြူရောင်တိမ်တိုက်လေး” (အပိုင်း-၁၈)** |
| ၇း၂၅ | Kick Rock Show (Part-4) |
| ၈း၃၀ | Style ရှိမှ Star ဖြစ်မယ် |
| ၉း၁၀ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၉း၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ဘဝအားမာန်” (အပိုင်း-၃၂)** |
| ၁၀း၂၅ | အနုပညာမိုးကောင်းကင် |
| ၁၀း၄၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နှလုံးသားပုံဖော်ရာ” (အပိုင်း-၄)** |
| ၂း၁၀ | ဘဝအမောပြေပျော်ရွှင်ဖို့ သီချင်းလေးတွေဆိုကြစို့ |
| ၄း၅၀ | ကံကူထွတ်ခေါင်ပိတ်ချင်းမြောင် |

# ဂျီပီအက်စ်စနစ်များ ကမောက်ကမဖြစ်အောင် လုပ်ဆောင်မှုရပ်တန့်ရန် မြောက်ကိုရီးယားအား တောင်ကိုရီးယား တိုက်တွန်း

**ဆိုးလ် မေ ၉**

ကမ္ဘာ့တည်နေရာပြစနစ်(ဂျီပီအက်စ်)များ ကမောက်ကမဖြစ်စေမည့် ရေဒီယိုလှိုင်းများထုတ်လွှင့်နေမှုကို ရပ်တန့်ရန် မြောက်ကိုရီးယားအား တိုက်တွန်းထားသော တရားဝင်အကြောင်းကြားစာကို ကုလသမဂ္ဂအေဂျင်စီများနှင့် မြောက်ကိုရီးယားအစိုးရတို့ထံ ပေးပို့သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယား တာဝန်ရှိသူများက ဗုဒ္ဓဟူးနေ့တွင်ပြောကြားခဲ့သည်။

အဆိုပါ အကြောင်းကြားစာကို တောင်ကိုရီးယား ဆက်သွယ်ရေးလုပ်ငန်းများ စည်းကမ်းထိန်းသိမ်းမှုကော်မရှင်က မြောက်ကိုရီးယားအစိုးရထံပေးပို့မည်ဖြစ်ကြောင်း သတင်းများတွင်ဖော်ပြထားသည်။

ဂျီပီအက်စ်စနစ်များ ကမောက်ကမဖြစ်စေရန် မြောက်ကိုရီးယားက ဧပြီလနှောင်းပိုင်းမှစ၍ လုပ်ဆောင်ခဲ့ရာ ဆိုးလ်မြို့တော် အင်ချွန်လေဆိပ်နှင့် ဂင်မ်ပိုလေဆိပ်များအား အသုံးပြုနေသည့်လေယာဉ်များနှင့် ကိုရီးယားကျွန်းဆွယ် အလယ်ပိုင်းဒေသ၌ ပျံသန်းနေသည့်လေယာဉ်များ၏ ဂျီပီအက်စ်စနစ်များအပေါ် အကျိုးသက်ရောက်မှုရှိခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံက ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံ၏ လုပ်ရပ်ကြောင့် လေယာဉ်များအပြင် သင်္ဘောများ၏ ဂျီပီအက်စ်စနစ်များလည်း ကမောက်ကမဖြစ်ခဲ့ရကြောင်း သိရသည်။

ဂျီပီအက်စ်စနစ်များ နှောင့်ယှက်ခံရခြင်းနှင့်ပတ်သက်၍ တောင်ကိုရီးယားနိုင်ငံက နိုင်ငံတကာကြေးနန်းဆက်သွယ်ရေးသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ် (အိုင်စီအေအို)များထံ တင်ပြသွားမည်ဖြစ်သည်။

ဂျီပီအက်စ်စနစ်များအား နှောင့်ယှက်မှုသည် နိုင်ငံတကာကြေးနန်းဆက်သွယ်ရေးသမဂ္ဂ၏ စည်းမျဉ်းများအား ချိုးဖောက်ခြင်းဖြစ်ပြီး နိုင်ငံတကာလေကြောင်းခရီးစဉ်များ၏ လုံခြုံရေးကိုလည်း ခြိမ်းခြောက်ရာရောက်ကြောင်း တောင်ကိုရီးယား သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ပြောကြားသည်။ ***အင်တာနက်။***





# လန်ဒန်အိုလံပစ်အတွက် မထင်မှတ်ရသည့်အန္တရာယ် ခူယားကောင်များဖြစ်လာနိုင်

လန်ဒန် မေ ၉

**အကြမ်းဖက်ဝါဒအန္တရာယ်မှ အိုလံပစ်ပွဲတော်ကို အကာအကွယ်ပေးနိုင်ရေးအတွက် လန်ဒန်မြို့တော် လူနေအိမ်ခေါင်မိုးများအပေါ်တွင် မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်များ ဖြန့်ကြက်ထားသည်ဟူသော သတင်းများထွက်ပေါ်နေစဉ် သဘာဝတရားကလည်း သူ့နည်းသူ့ဟန်ဖြင့် အိုလံပစ်ပွဲတော်အား ခြိမ်းခြောက်လာကြောင်း သိရသည်။**



၂၀၁၂ လန်ဒန် အိုလံပစ်ပွဲတော် ကျင်းပချိန်တွင် ဝက်သစ်ချပင်များ၌ပေါက်ပွားသည့် အဆိပ်ပြင်းထန်သော ခူယားကောင်များ**(ဓါတ်ပုံ)**သည် လန်ဒန်မြို့တော်အတွင်း ကျရောက်လာနိုင်ကြောင်း သတင်းမီဒီယာများက မေ ၉ ရက်တွင် သတိပေးဖော်ပြခဲ့ကြသည်။

ယင်းခူယားကောင်များ၏ အမွေးအမှင်များအား ရှူသွင်းမိသူများသည် မူးဝေခြင်း၊ အော့အန်ခြင်း စသော ဝေဒနာများ ခံစားရကြမည်ဖြစ်ရာ အိုလံပစ်ပွဲတော် ပရိသတ်များအတွက် စိတ်အနှောင့်အယှက်ဖြစ်ဖွယ် ပြဿနာတစ်ရပ်ဖြစ်လာနိုင်ကြောင်း ဒေးလီးတယ်လီဂရပ် သတင်းစာတွင် ဖော်ပြထားသည်။

အဆိုပါ ခူယားကောင်တစ်ကောင်လျှင် ရင်ကျပ်ဝေဒနာ၊ အရေပြားနှင့်လည်ချောင်းများကွဲအက်ခြင်းနှင့် မျက်စိဝေခြင်း စသော ကျန်းမာရေးဆိုင်ရာပြဿနာများ ပေါ်ပေါက်စေမည့် အဆိပ်ရှိသည့် အမွေးအမှင် ၆၃၀၀၀ မျှ ပါရှိတတ်ကြောင်း သိရသည်။

ဟော်လန်နိုင်ငံမှ ဝက်သစ်ချပင်များ တင်သွင်းစိုက်ပျိုးခဲ့သည့် ၂၀၀၆ ခုနှစ်တွင် ဗြိတိန်နိုင်ငံ၌ အဆိပ်ပြင်းထန်သော ခူယားကောင်များ စတင်ပေါက်ပွားခဲ့ပြီး နောက်ပိုင်းတွင် ကောင်ရေ အလျင်အမြန် ပျံ့နှံ့ပေါက်ပွားလာခဲ့သည်။

ခူယားသိုက်ပေါင်း ၇၀၀ ကျော်မျှအား ဖျက်ဆီးခဲ့ပြီးဖြစ်သော်လည်း အချိန်အခါမဟုတ် အအေးပေါ့လာသည့် ဆောင်းရာသီကြောင့် ယင်းသတ္တဝါများ ပေါက်ပွားမှုနှုန်း မြင့်တက်လာမည့်အရေးကို ဗြိတိန်အာဏာပိုင်များက စိုးရိမ်နေကြကြောင်း သိရသည်။

***အင်တာနက်။***

# မြို့ကြီးနှစ်မြို့ကို ကာကွယ်နိုင်မည့် ဒုံးကျည်ကာကွယ်ရေးစနစ် အိန္ဒိယ တည်ဆောက်ခဲ့ပြီးဖြစ်

**နယူးဒေလီ မေ ၉**

ရန်သူ့ဒုံးကျည်အန္တရာယ်မှ အနည်းဆုံး မြို့ကြီးနှစ်မြို့အား ကာကွယ်ပေးနိုင်ရန် တစ်ခဏချင်းအတွင်း ဖြန့်ကြက် နေရာချထားနိုင်သည့် ဒုံးကျည်ကာကွယ်ရေးတံတိုင်းကို အိန္ဒိယနိုင်ငံ ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးရေးအေဂျင်စီက တည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း မေ ၇ ရက် သတင်းများတွင် ဖော်ပြထားသည်။

အောင်မြင်စွာစမ်းသပ်နိုင်ခဲ့ပြီးဖြစ်သည့် ယင်းဒုံးကျည်ကာကွယ်ရေးတံတိုင်းသည် ရန်သူ့ဒုံးကျည်ကို ကီလိုမီတာ ၂၀၀၀ ကျော်အကွာ၌ ကြားဖြတ်ဖျက်ဆီးနိုင်ကြောင်း ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးရေးအေဂျင်စီအကြီးအကဲ ဗွီကေ ဆာရာဝပ်က ပီတီအိုင်သတင်းဌာနသို့ ပြောကြားခဲ့သည်။

သို့ရာတွင် ယင်းဒုံးကျည်ကာကွယ်ရေးတံတိုင်းဖြင့် အကာအကွယ်ပေးသွားမည့် မြို့နေရာ နှစ်ခု၏အမည်များအား အိန္ဒိယတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခြင်း မရှိသေးပေ။

အဆိုပါ ဒုံးကျည်ကာကွယ်ရေးတံတိုင်း၏ စွမ်းရည်အား စမ်းသပ်ရန်အတွက် အိန္ဒိယကာကွယ်ရေးသုတေသန အေဂျင်စီသည် ပရစ်ဗီဒုံးကျည်အမျိုးမျိုးကိုပစ်မှတ်တုများအဖြစ် ရွေးချယ်သတ်မှတ်ခဲ့သည်။

စမ်းသပ်မှုခြောက်ကြိမ်ပြုလုပ်ခဲ့ရာတွင် အိန္ဒိယဒုံးကျည်ကာကွယ်ရေး တံတိုင်းသည် ပစ်မှတ်တု ပရစ်ဗီဒုံးကျည်များအား ကီလိုမီတာ ၂၀၀၀ အကွာ၌ ကြားဖြတ်ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

အိန္ဒိယကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးရေးအေဂျင်စီသည် လက်ရှိတည်ဆောက်ပြီး ဒုံးပျံကာကွယ်ရေးစနစ်၏ ပစ်မှတ်ကြားဖြတ်ချေမှုန်းနိုင်မှုအကွာအဝေးကို ၂၀၁၆ ခုနှစ်တွင် ကီလိုမီတာ ၅၀၀၀ အထိ မြှင့်တင်နိုင်ရန်ရည်ရွယ်ထားသည်။

၂၀၀၆ ခုနှစ်တွင် ပထမဆုံးအကြိမ် စမ်းသပ်ခဲ့သည့် ယင်းဒုံးကျည်ကာကွယ်ရေးစနစ်သည် ၁၉၉၀ ခုနှစ် ပင်လယ်ကွေ့စစ်ပွဲအတွင်း အမေရိကန်နိုင်ငံက အသုံးပြုခဲ့သည့် ပက်ထရီးယော့-၃ ဒုံးခွင်းဒုံးစနစ်နှင့်အလားတူကြောင်း အေဂျင်စီတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ ***အင်တာနက်။***

# သမ္မတဟောင်းမက်ဗီဒက်ဗ်ကို ဝန်ကြီးချုပ်အဖြစ် ရုရှားဒူးမားလွှတ်တော်ရွေးချယ်

**မော်စကို မေ ၉**

ရုရှားဒူးမားလွှတ်တော်က သမ္မတဟောင်း ဒီမစ်ထရီမက်ဗီဒက်ဗ်အား ရုရှားနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် မေ ၈ ရက်က ထောက်ခံမဲ အများစုဖြင့် အတည်ပြုခန့်အပ်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ရုရှားသမ္မတသစ် ဗလာဒီမာပူတင်သည် မေ ၇ ရက်က သမ္မတရာထူးလက်ခံရန် ကျမ်းသစ္စာ ကျိန်ဆိုခဲ့ပြီးနောက် သမ္မတဟောင်း မက်ဗီဒက်ဗ်ကို နိုင်ငံ၏ ဝန်ကြီးချုပ်ရာထူးအတွက် အမည်စာရင်းတင်သွင်းခဲ့သည်။

သမ္မတဟောင်း ဒီမစ်ထရီ မက်ဗီဒက်ဗ်ကို ရုရှားဝန်ကြီးချုပ်ရာထူး၌ခန့်အပ်ရန်အတွက် ဒူးမားလွှတ်တော်တွင် မဲခွဲဆုံးဖြတ်ခဲ့ရာ ယူနိုက်တက်ရုရှားပါတီနှင့် လစ်ဘရယ်ဒီမိုကရက်ပါတီများမှ လွှတ်တော်ကိုယ်စားလှယ် ၂၉၉ ဦးက ထောက်ခံမဲပေးခဲ့ကြပြီး ကွန်မြူနစ်ပါတီနှင့် အခြားပါတီတစ်ခုမှ လွှတ်တော်အမတ် ၁၄၄ ဦးတို့က ကန့်ကွက်ခဲ့ကြသည်။

ဝန်ကြီးချုပ်ရာထူးအတွက် မဲခွဲဆုံးဖြတ်ခြင်းမပြုမီ ရုရှားသမ္မတ ပူတင်သည် ဒီမစ်ထရီမက်ဗီဒက်ဗ်ကို ရုရှားနိုင်ငံအတွင်း အရေးပါသော ပြုပြင်ပြောင်းလဲမှုများအား ဖော်ဆောင်ပေးခဲ့သူ အတွေ့အကြုံရှိ နိုင်ငံရေးသမားတစ်ဦးအဖြစ် ဒူးမားလွှတ်တော် ကိုယ်စားလှယ်များနှင့် မိတ်ဆက်ပေးခဲ့သည်။

သမ္မတဟောင်း မက်ဗီဒက်ဗ်၏ ရုရှားနိုင်ငံခေတ်မီရေး ကြိုးပမ်းမှုများနှင့် လူငယ်ပါရမီရှင်များအား မြေတောင်မြှောက်ပေးရေး ကြိုးပမ်းမှုများကိုလည်း သမ္မတ ဗလာဒီမာပူတင်က ချီးကျူးစကားပြောကြားခဲ့သည်။

ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခွင့်ရရေးအတွက် သမ္မတဟောင်း မက်ဗီဒက်ဗ်သည် လွှတ်တော်အမတ်နေရာ ၄၅၀ ရှိသော ဒူးမားလွှတ်တော်၏ ထောက်ခံမဲအများစု သို့မဟုတ် အနည်းဆုံး ထောက်ခံမဲ ၂၂၆ မဲ ရရှိရန် လိုအပ်သည်။

***အင်တာနက်။***



**ရုရှားနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခွင့် ရခဲ့ပြီဖြစ်သော ဒီမစ်ထရီမက်ဗီဒက်ဗ်။**

# လူ ၄၄ ဦးတင်ဆောင်ထားသော ရုရှားခရီးသည်တင်လေယာဉ် သရုပ်ပြပျံသန်းစဉ် ပျောက်ဆုံး



**သရုပ်ပြပျံသန်းစဉ် ပျောက်ဆုံးခဲ့ရသော ရုရှားနိုင်ငံလုပ် ဆူခွိုင်းစူပါ ဂျက်-၁၀၀ အမျိုးအစား ခရီးသည်တင်လေယာဉ်ကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ လေဆိပ်တစ်ခု၌ မေ ၈ ရက်က တွေ့ရစဉ်။**

**ဂျကာတာ မေ ၉**

ရုရှားနိုင်ငံလုပ် ခရီးသည်တင်လေယာဉ်တစ်စင်းသည် အင်ဒိုနီးရှားနိုင်ငံဂျကာတာမြို့၌ မေ ၉ ရက်က သရုပ်ပြပျံသန်းမှု ပြုလုပ်စဉ် ရေဒါမြင်ကွင်းမှပျောက်ကွယ်ခဲ့ပြီး အဆက်အသွယ်ပြတ်တောက်သွားကြောင်း အင်ဒိုနီးရှား မြို့ပြလေကြောင်းဆိုင်ရာ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါ ခရီးသည်တင်လေယာဉ် ပျောက်ကွယ်နေမှုသည် ပြန်ပေးဆွဲခံခဲ့ရခြင်းဖြစ်နိုင်သကဲ့သို့ မြင်ကွင်းမသဲကွဲမှုကြောင့် တောင်တစ်တောင်နှင့် ဝင်တိုက်ပျက်ကျခဲ့ခြင်းလည်း ဖြစ်နိုင်ကြောင်း အင်ဒိုနီးရှားအာဏာပိုင်များက ခန့်မှန်းသုံးသပ်ထားသည်။

ရုရှားနိုင်ငံသားရှစ်ဦးနှင့် အခြားပြည်ပနိုင်ငံသား ၃၆ ဦး စုစုပေါင်း လူ ၄၄ ဦးတင်ဆောင်ထားသည့် ဆူခွိုင်းစူပါဂျက်-၁၀၀ အမျိုးအစားခရီးသည်တင်လေယာဉ်သည် သရုပ်ပြပျံသန်းမှု ပြီးဆုံးခဲ့သော်လည်း လေဆိပ်သို့ ပြန်လည်ရောက်ရှိလာခြင်း မရှိကြောင်း အင်ဒိုနီးရှားတာဝန်ရှိသူများက ပြောကြားသည်။

ရေဒီယိုအဆက်အသွယ်ပြတ်တောက်ခြင်းမရှိမီ လေယာဉ်ကို အမြင့်ပေ ၁၀၀၀၀ မှ ၆၀၀၀သို့ လျှော့ချပျံသန်းခွင့်ပြုရန် လေယာဉ်မှူးများက ခွင့်တောင်းခဲ့ကြောင်း လေကြောင်းလမ်းထိန်းသိမ်းရေးဌာန၏အဆိုအရ သိရသည်။

ပျောက်ဆုံးနေသော ဆူခွိုင်းစူပါဂျက်-၁၀၀ ခရီးသည်တင်လေယာဉ်သည် အာရှခြောက်နိုင်ငံ၌ လှည့်လည်သရုပ်ပြ ပျံသန်းရေးအစီအစဉ်အရ ဂျကာတာမြို့သို့ ရောက်ရှိနေခြင်းဖြစ်ကြောင်း အာရ်အိုင်အေနိုဗိုစတီသတင်းဌာနက ဖော်ပြသည်။

ရုရှားနိုင်ငံ ဆူခွိုင်းကုမ္ပဏီနှင့် အမေရိကန်နှင့် ဥရောပလေကြောင်းကုမ္ပဏီများ ပူးတွဲတည်ဆောက်ထားသည့် ယင်းလေယာဉ်သည် ခရီးသည် ၁၀၀ တင်ဆောင်ပြီး ခရီးမိုင် ၂၈၀၀ ပျံသန်းနိုင်သည့် အလတ်စားခရီးသည်တင်လေယာဉ် ဖြစ်သည်။ ***အင်တာနက်။***

# မြေအောက်ရေ အလွန်အကျွံထုတ်ယူသုံးစွဲမှု ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုကို ပိုဆိုးလာစေနိုင်

**ဝါရှင်တန် မေ ၉**

စိုက်ပျိုးရေးလုပ်ငန်းများ၊ သောက်သုံးရေကဏ္ဍနှင့် စက်မှုလုပ်ငန်းများ၌ သုံးစွဲပြီးနောက် မြစ်များနှင့် တူးမြောင်းများအတွင်း စီးဝင်သွားတတ်သော သို့မဟုတ် ရေငွေ့အဖြစ် အငွေ့ပြန်သွားတတ်သော မြေအောက်ရေများသည် ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်များ မြင့်တက်လာရခြင်း၏ အဓိကအကြောင်းတရား ဖြစ်လာနိုင်ကြောင်း သိပ္ပံပညာရှင်များက မေ ၈ ရက်တွင် ပြောကြားခဲ့သည်။

လူသားများ အသုံးပြုရန်အလို့ငှာ မြေမျက်နှာပြင်ပေါ်သို့ ထုတ်ယူခဲ့သော မြေအောက်ရေများသည် မြေအောက်သို့ ပြန်လည်ရောက်ရှိခြင်းမရှိဘဲ ကမ္ဘာ့သမုဒ္ဒရာများအတွင်း စီးဝင်သွားခြင်းဖြင့်သာ အဆုံးသတ်ခဲ့ကြောင်း အမေရိကန်ပြည်ထောင်စုထုတ် ဘူမိရူပသုတေသနစာစောင်၌ သုတေသနပညာရှင်များက ရေးသားဖော်ပြခဲ့သည်။

မြေအောက်ရေများ အလွန်အကျွံထုတ်ယူသုံးစွဲခြင်းသည် ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာရခြင်း၏ အဓိကအကျဆုံး ဘူမိအကြောင်းတရားအဖြစ် အလျင်အမြန်ပြောင်းလဲလာကြောင်း နယ်သာလန်နိုင်ငံ အူးထရစ်ချ်တက္ကသိုလ်မှ သိပ္ပံပညာရှင် ယိုရှီယာဒီဝါဒါက ပြောကြားခဲ့သည်။

၁၉၇၀ ခုနှစ်မှ ၁၉၉၀ ခုနှစ်အကြားကာလများတွင် မြေအောက် ရေများအား ပင်လယ်များအတွင်း စီးဝင်စေမည့် အစား ထိန်းချုပ်သိုလှောင်ထားနိုင်သည့် ဆည်နှင့်တာတမံများ တည်ဆောက်မှုများပြားခဲ့ခြင်းကြောင့် မြေအောက်ရေသည် ပင်လယ်ရေမျက်နှာပြင်မြင့်တက်ရခြင်း၏ အကြောင်းတရားတစ်ရပ်ဖြစ်သည်ဆိုသောအမြင်ကို ထိုကာလများအတွင်း လက်ခံခဲ့ခြင်းမရှိပေ။

သို့ရာတွင် ၁၉၉၀ ခုနှစ်မှစ၍ ကမ္ဘာတစ်ဝန်း၌ ဆည်တမံများ တည်ဆောက်မှုလျော့ပါးလာပြီး မြေအောက်ရေသုံးစွဲမှုများမှာလည်း လွန်ကဲလာသောကြောင့် အခြေအနေများ ပြောင်းခဲ့ရကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

၂၀၅၀ ခုနှစ်အရောက်တွင် ဘူမိရေအရင်းအမြစ်များကြောင့် လက်ရှိပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုသည် ၁ ဒသမ ၂ လက်မ ထပ်တိုးလာမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ခန့်မှန်းထားသည်။ ***အင်တာနက်။***





ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ချင်းအမျိုးသားတပ်ဦး (CNF) တို့ နှစ်ဖက်သဘောတူ စာချုပ်များ လက်မှတ်ရေးထိုး၍ အပြန်အလှန်လဲလှယ်ကြစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ချင်းအမျိုးသားတပ်ဦး(CNF) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ ဆွေးနွေး

**နေပြည်တော် မေ ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ၏ ငြိမ်းချမ်းရေး ဖိတ်ခေါ်ချက်အရ နိုင်ငံတော်အစိုးရထံသို့ ကမ်းလှမ်းလာသော ချင်းအမျိုးသားတပ်ဦး (CNF)နှင့် နိုင်ငံတော်အစိုးရအဖွဲ့၏ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့သည် မေ ၇ ရက်တွင် ဟားခါးမြို့ ပြည်ထောင်စုရိပ်သာ အစည်းအဝေးခန်းမ၌ ပြည်ထောင်စုအဆင့် တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပရာ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်မင်း၊ ဦးဝင်းထွန်းနှင့် ဦးဇော်မင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်မှူးကြီးကျော်စိုးဝင်း၊ ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းဦး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး ကျော်သန့်နိုင်နှင့် တာဝန်ရှိသူများ၊ ချင်းအမျိုးသားတပ်ဦး(CNF) ငြိမ်းချမ်းရေးဖော်ဆောင်ရေး အဖွဲ့ခေါင်းဆောင် ဒေါက်တာရွှေခါး ဦးဆောင်သည့် အဖွဲ့ဝင်များနှင့် နှစ်ဖက်အကျိုးတော်ဆောင်များ တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးတွင် ချင်းအမျိုးသားတပ်ဦး(CNF)က ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ ဆွေးနွေးရန် တင်ပြလာသည့် အချက်(၁၅)ချက်အား အပြန်အလှန် ညှိနှိုင်းဆွေးနွေးကြပြီးနောက် နှစ်ဖက်သဘောတူ စာချုပ်များ လက်မှတ်ရေးထိုး၍ အပြန်အလှန် လဲလှယ်ကြသည်။

ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ညစာစားပွဲ၊ မီးပုံပွဲကျင်းပခဲ့ပြီး ငြိမ်းချမ်းရေးလက်ဆောင်များ အပြန်အလှန်ပေးအပ်ကာ ချင်းအမျိုးသားတပ်ဦး (CNF) အတွက် နိုင်ငံတော်သမ္မတကြီး၏ ငြိမ်းချမ်းရေး လက်ဆောင် Sky Net ရုပ်သံဖမ်းစက်အစုံ ၂၀ ကို သမ္မတကြီး ကိုယ်စား ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ချင်းအမျိုးသားတပ်ဦး (CNF) သို့ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ၂၀၁၂ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ မော်လမြိုင်၌ ကျင်းပ

**နေပြည်တော် မေ ၉**

၂၀၁၂ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားကို မေ ၈ ရက်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်ကြက်ခြေနီကြီးကြပ်ရေးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့်က အဖွင့်အမှာစကား ပြောကြားပြီး ကမ္ဘာ့ကြက်ခြေနီနေ့ သဝဏ်လွှာကို ပြည်နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာအေးငြိမ်းက ဖတ်ကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က စစ်ရေးပြတံခွန်စိုက် ဒိုင်းဆုရရှိသည့် ရေးမြို့နယ်နှင့် စွမ်းရည်ပြ တံခွန်စိုက် ဒိုင်းဆုနှင့် ဘက်စုံတံခွန်စိုက်အလံဆု ရရှိသည့် မော်လမြိုင်မြို့နယ် ကြက်ခြေနီတပ်ဖွဲ့တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ကျင်းပသည့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးများကို ပိုမိုထိရောက်စွာ ပြုပြင်ပြောင်းလဲကြိုးပမ်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရန်ကုန်မြို့နှင့် သီလဝါစက်မှုဇုန်အတွက် ဓာတ်အားပေးစက်ရုံစီမံကိန်း ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုနှင့် အကောင်အထည်ဖော်ရေးဆွေးနွေး

နေပြည်တော် မေ ၉

**အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား ကိုရီးယားသမ္မတနိုင်ငံ Busan Korea Biotechnology Co., Ltd. မှ Chairman, Mr. Chung Si Woo ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။** (အောက်ပုံ)

ထိုသို့တွေ့ဆုံရာတွင် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် Busan Korea Biotechnology Co., Ltd. တို့အကြား လက်မှတ်ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာအရ ဆောင်ရွက်နေသော ရန်ကုန်မြို့နှင့် သီလဝါစက်မှုဇုန်သို့ ဓာတ်အားတိုးချဲ့ပေးနိုင်ရေး တည်ဆောက်မည့် ၅၀၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နှင့် ရေနွေးငွေ့သုံး ဓာတ်အားပေးစက်ရုံ (Combined Cycle Power Plant) စီမံကိန်းအတွက် ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုလုပ်ငန်းဆောင်ရွက်ပြီးစီးနေမှုအခြေအနေ၊ စီမံကိန်းအကောင်အထည်ဖော်နိုင်ရေးအတွက် အသေးစိတ်တွက်ချက်ညှိနှိုင်းမှုများ ဆက်လက်ဆွေးနွေးဆောင်ရွက်သွားရန်နှင့် စီမံကိန်းကို ၂၀၁၅ ခုနှစ်မတိုင်မီ ပြီးစီးနိုင်ရေးကြိုးစားဆောင်ရွက်သွားရေးကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်အောင်၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ခိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

**နေပြည်တော် မေ ၉**

ယနေ့ နံနက် ၅ နာရီ ၄၃ မိနစ် ၅၀ စက္ကန့်အချိန်တွင် မန္တလေး မြေငလျင်စခန်းမှ အနောက်တောင်ဘက် ၁၅၂မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(မင်းဘူးမြို့၏အနောက်ဘက် ၁၂ မိုင်ခန့်အကွာ)ကိုဗဟိုပြု၍ အင်အား ရစ်(ခ်)တာစကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင် တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)



အဆိုတော် သီချင်းရေးဆရာ ပေါလ်ဆိုင်မွန် (ဝဲပုံ)နှင့် တယောပညာရှင် ယိုယိုမာ(ယာပုံ)။

# ၂၀၁၂ ခုနှစ် ဆွီဒင်ပိုလာဂီတဆု ပေါလ်ဆိုင်မွန်နှင့် ယိုယိုမာတို့ဆွတ်ခူး

၂၀၁၂ ခုနှစ် ဆွီဒင်ပိုလာဂီတဆုကို အမေရိကန်အဆိုတော် သီချင်းရေးဆရာ ပေါလ်ဆိုင်မွန်နှင့် တရုတ်အမေရိကန်တယောဂီတပညာရှင် ယိုယိုမာတို့က ဆွတ်ခူးရရှိသွားကြောင်း ဆုရွေးချယ်ရေးကော်မတီက မေ ၈ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ပိုလာဂီတဆုကို ဆွီဒင်နာမည်ကျော်ဂီတပညာရှင်တစ်ဦးဖြစ်သကဲ့သို့ ဆွီဒင်နာမည်ကျော်ပေါ့ပ်တေးဂီတအဖွဲ့ ABBA မှ ခေါင်းဆောင်တစ်ဦးလည်း ဖြစ်သည့် Stig Anderson ဆိုသူက ၁၉၉၂ ခုနှစ်တွင် စတင် တည်ထောင်ခဲ့ခြင်းဖြစ်သည်။

၁၉၄၁ ခုနှစ်တွင် မွေးဖွားခဲ့သည့် အဆိုတော်သီချင်းရေးဆရာ ပေါလ်ဆိုင်မွန်သည် ၎င်း၏ ဂီတသက်တမ်းတစ်လျှောက်တွင် ဂရမ်မီဆု၁၂ ခုအပါအဝင် အခြားဆုအများအပြားကိုလည်း ဆွတ်ခူးရရှိထားသူဖြစ်သည်။ ဆုရွေးချယ်ရေးအဖွဲ့က "ကမ္ဘာ့ဂန္ထဝင်သီချင်းရေးဆရာတစ်ယောက်"အဖြစ် ထုတ်ဖော်ချီးမွမ်းခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် မွေးဖွားခဲ့သည့် တယောပညာရှင်ယိုယိုမာကို "ကျွန်ုပ်တို့ခေတ်၏ ဦးဆောင်တယောပညာရှင်"အဖြစ် ဆုရွေးချယ်ရေးအဖွဲ့က အသိအမှတ်ပြုခဲ့သည်။

ပေါလ်ဆိုင်မွန်နှင့် ယိုယိုမာတို့သည် ဆွီဒင်နိုင်ငံစတော့ဟုမ်းမြို့၌ ဩဂုတ် ၂၈ ရက်တွင် ကျင်းပမည့် ပိုလာဂီတဆုပေးပွဲသို့ တက်ရောက်ကြမည်ဖြစ်သကဲ့သို့ ဆွီဒင်သုံးငွေတစ်သန်း(အမေရိကန်ဒေါ်လာ ၁၄၀၀၀၀ ခန့်)ကို ဂုဏ်ပြုချီးမြှင့်ငွေအဖြစ် လက်ခံရရှိကြမည်ဖြစ်သည်။ **အင်တာနက်။**

နိုင်ငံတကာရုပ်ရှင်အနုပညာရပ်ဝန်း

**အောဝမ်းစိုး**

# ဆစ်ဒနီရုပ်ရှင်ပွဲတော် ကျင်းပမည်

(၅၉)ကြိမ်မြောက် ဆစ်ဒနီရုပ်ရှင်ပွဲတော်ကို နယူးဆောက်ဝေးလ်ပြည်နယ် ဝန်ကြီးချုပ် ဘာရီအိုဖာရီလ် ဦးဆောင်စီမံ၍ တရားဝင်ကျင်းပသွားမည်ဖြစ်ကြောင်း ဒေသခံသတင်းမီဒီယာများက မေ ၉ ရက်တွင် ရေးသားဖော်ပြသည်။

ဇွန် ၆ ရက်မှ စ၍ ၁၂ ရက်ကြာကျင်းပမည့် ဆစ်ဒနီရုပ်ရှင်ပွဲတော်သည် ဩစတြေးလျနိုင်ငံ၏ သက်တမ်းအရှည်ကြာဆုံး ရုပ်ရှင်ပွဲတော်တစ်ခုဖြစ်သကဲ့သို့ နိုင်ငံတကာအသိအမှတ်ပြု ရုပ်ရှင်ပွဲတော်တစ်ခုလည်းဖြစ်သည်။

အဆိုပါ ရုပ်ရှင်ပွဲတော်သို့ ရုပ်ရှင်ဇာတ်ကားပေါင်း ၁၅၀ ကျော် လာရောက်ပြသမည်ဟု မျှော်လင့်ထားပြီး ပရိသတ် ၁၂၀၀၀၀ ခန့် တက်ရောက်မည်ဟု ခန့်မှန်းထားကြောင်း အေပီပီသတင်းဌာန၏ အဆိုအရ သိရသည်။

ဆစ်ဒနီရုပ်ရှင်ပွဲတော်သည် ရုပ်ရှင်ထုတ်လုပ်သူများအတွက် ၎င်းတို့ဖန်တီးထားသော အနုပညာပြကွက်များကို ဖော်ထုတ်ပြသခွင့်ရရှိမည့် မဟာအခွင့်အရေးတစ်ရပ်ဖြစ်သကဲ့သို့ ဩစတြေးလျနိုင်ငံ၏ စီးပွားရေးကို မြှင့်တင်ပေးရာတွင်လည်း မောင်းနှင်အားတစ်ရပ်ဖြစ်ကြောင်း အိုဖာရီလ်က ထုတ်ဖော်ပြောကြားသည်။

အဆိုပါ ရုပ်ရှင်ပွဲတော်တွင် ဩစတြေးလျရုပ်ရှင်ဇာတ်ကားများနှင့် ကမ္ဘာ့တစ်ဝန်းမှ လာရောက်ပြသမည့် ဇာတ်ကားများထဲမှ အကောင်းဆုံးဇာတ်ကားများကို ရွေးချယ်ထုတ်နုတ်၍ ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။ **အင်တာနက်။**

အင် တာ နက် ကျန်း မာ ရေး သ တင်း

**သက်ထွေး**

# ဦးနှောက်အမြှေးရောင်ဘီရောဂါကာကွယ်ဆေး စမ်းသပ်အောင်မြင်

သေစေနိုင်သော ဦးနှောက်အမြှေးရောင်ဘီရောဂါကို ခုခံကာကွယ်နိုင်သည့် ထိုးဆေးတစ်မျိုးကို သိပ္ပံပညာရှင်များက ထုတ်လုပ်နိုင်ပြီဖြစ်သည်။ ကနဦး စမ်းသပ်ချက်များအရ အဆိုပါဆေးသည် ကလေးငယ် ၈၀ ရာခိုင်နှုန်းကျော်၌ ယင်းရောဂါကို ခုခံကာကွယ်နိုင်သည်ဟု ဆိုသည်။

ဦးနှောက်အမြှေးရောင်ဘီရောဂါသည် ကလေးငယ်များ၌ အထူးအန္တရာယ်ရှိပြီး အင်္ဂလန်နိုင်ငံ၌ နှစ်စဉ်သေဆုံးမှု ၁၂၀ ရှိသည်။ လက်ရှိအချိန်တွင် ဦးနှောက်အမြှေးရောင် ဘီ ရောဂါအတွက် ထိုးဆေးတစ်မျိုးပေါ်ထွက်လာရန် ကြံဆနေကြပြီး ယင်းရောဂါအတွက် ကာကွယ်ဆေးမရှိပေ။ ယခုအခါ ဩစတြေးလျအနောက်ပိုင်း တက္ကသိုလ်သိပ္ပံပညာရှင်အဖွဲ့တစ်ဖွဲ့က ငါးနှစ်အတွင်း ကျယ်ကျယ်ပြန့်ပြန့်ရရှိနိုင်မည့် ထိုးဆေးတစ်မျိုးရရှိလာမည်ဟု ယုံကြည်ကြသည်။

ဆယ်ကျော်သက်အရွယ် ၅၃၉ ဦးပါဝင်သည့် စမ်းသပ်မှုတွင် ဦးနှောက်အမြှေးရောင်ဘီရောဂါကို ၈၀ ရာခိုင်နှုန်းကျော်ထိ ပြည့်ပြည့်ဝဝခုခံကာကွယ်နိုင်သည်ကို တွေ့ရှိခဲ့ကြသည်။ ၎င်းတို့က အဆိုပါကာကွယ်ဆေးကို ခြောက်လကျော်ကြာ သုံးကြိမ်ထိုးပေးခဲ့သည်။

သုတေသနပညာရှင်များသည် ဆယ်ကျော်သက်များ၏ ရောဂါခုခံကာကွယ်နိုင်သည့်စနစ်က ဦးနှောက်အမြှေးရောင်ရောဂါပိုးများကို ခုခံနိုင်စွမ်းရှိ မရှိ ဆန်းစစ်လေ့လာခဲ့ကြသည်။ ဆန်းစစ်လေ့လာချက်များအရ အဆိုပါရောဂါကို ခုခံကာကွယ်နိုင်စွမ်းရှိကြောင်း လေ့လာချက်အား ရေးသားသူ ပီတာရစ်ချ်မွန်က ဆိုသည်။

နှစ်စဉ် ဦးနှောက်အမြှေးရောင်ဘီရောဂါအသစ်ဖြစ်ပွားမှု ၁၂၀၀ ဝန်းကျင်ရှိသည်။ ၁၀ ဦးတွင် တစ်ဦးခန့်သေဆုံးပြီး အခြား ၁၅ ရာခိုင်နှုန်းမှာ မသန်မစွမ်းဖြစ်ကာ သွေးအဆိပ်သင့်ခြင်းကြောင့် ခြေလက်အင်္ဂါဖြတ်တောက်ရလေ့ရှိသည်။

အဆိုပါ ရောဂါသည် ဦးနှောက်နှင့်ကျောရိုးနှာ့ဗ်ကြောများတစ်ဝိုက် အမြှေးပါးများ ရောင်ရမ်းနာကျင်မှုကို ဖြစ်စေသည်။ ရောဂါလက္ခဏာများမှာ ခေါင်းအလွန်အမင်းကိုက်ခြင်း၊ အော့အန်ခြင်း၊ အဖုအပိမ့်ထွက်ခြင်း၊ အလင်းဒဏ်မခံနိုင်ခြင်းနှင့် ဇက်ကြောတောင့်တင်းခြင်းတို့အပါအဝင် ရောဂါလက္ခဏာများရှိသည်။

အဆိုပါကာကွယ်ဆေးများ လာမည့်သုံးနှစ်မှ ငါးနှစ်အတွင်း ဈေးကွက်အတွင်း ရောက်ရှိလာမည်ဟု သုတေသနပညာရှင်များက မျှော်လင့်ထားကြသည်။

**အင်တာနက်။**



# နိုင်ငံပိုင်သတင်းစာများ၏ အနာဂတ်ခရီး

သတင်းထောက် မောင်ထူး

နွေ၏နေကား ပူပြင်းလှသည်။ နေမြင့်လာသည်နှင့် အပူကတက်လာသည်။ မေလဆန်းဖြစ်သော်လည်း အပူချိန်ကမလျော့။ တစ်ခါတစ်ရံ မိုးရိပ်လေးများ တွေ့လာရသောအခါ ရင်ထဲမှာ အပျော်လေးများဝင်လာတတ်သည်။ ပူပြင်းသော နွေကာလ ကုန်ဆုံးပြီး အေးမြသောမိုးကာလသို့ အမြန်ရောက်ပါစေတော့ဟု ဆန္ဒပြုမိသည်။

စာရေးသူမှာ မီဒီယာသမားသတင်းထောက်တစ်ဦးပေမို့ အပူကိုကြောက်နေ၍မရ၊ မီဒီယာသမား၏တာဝန်ကို ကျေပွန်စွာထမ်းဆောင်ရမည်ဖြစ်သည်။ နေပူသည်ဖြစ်စေ၊ မိုးရွာသည်ဖြစ်စေ သတင်းလိုက်ထွက်ရသည်က စာရေးသူတို့၏ အလုပ်ဖြစ်သည်။

သည်နေ့မနက် စာရေးသူအိမ်ကထွက်လာကတည်းက ဘာမျှစားမလာရသေးသဖြင့် ထိုင်နေကျလက်ဖက်ရည်ဆိုင်တွင် ဝင်ထိုင်ဖြစ်ခဲ့သည်။ တကယ်တော့ စာရေးသူ လက်ဖက်ရည်သောက်ချင်သည်ထက် ယမန်နေ့က သတင်းစာတိုက်သို့ ပို့လိုက်သော စာရေးသူ၏သတင်း သတင်းစာတွင် ပါ၊ မပါသိချင်သဖြင့် ဆိုင်တွင်းသို့ ဝင်ခဲ့ခြင်းဖြစ်သည်။ စာရေးသူ၏အိမ်တွင် သတင်းစာများကိုလပေးယူသော်လည်း အိမ်ကထွက်လာချိန်၌ သတင်းစာကမရောက်သေး။ နေမြင့်မှရောက်တတ်သဖြင့် ဤလက်ဖက်ရည်ဆိုင်တွင် သတင်းလိုက်ရင်း ခေတ္တနားခိုကာ သတင်းဦး၊ သတင်းထူးများကို ဝင်ဖတ်ခြင်းဖြစ်သည်။

ဆိုင်အတွင်းသို့ ရောက်သည်နှင့် စားပွဲထိုးက လက်ဖက်ရည်နှင့်မုန့်ကိုလာချစဉ် စာရေးသူက "သတင်းစာရောပေးပါဦး"ဟု လက်ဟန်နှင့်ပြလိုက်တော့ သူက မလှမ်းမကမ်းရှိ စားပွဲဝိုင်းတစ်ဝိုင်းသို့ လက်ညှိုးထိုးပြသည်။ ထိုစားပွဲဝိုင်းတွင် လူငယ်တစ်ဦး သတင်းစာကို သဲကြီးမဲကြီးဖတ်နေသည်ကို တွေ့ရသည်။ ဘေးကသူငယ်ချင်း ဖြစ်ဟန်တူသူက 'ဟေ့ကောင်-ဒီမှာလက်ဖက်ရည်တွေအေးကုန်ပြီ၊ သတင်းစာချည်း သဲကြီးမဲကြီးဖတ်မနေနဲ့'ဟု သတိပေးသော်လည်း "နေပါဦးကွ ဒီမှာ ဒီမှာ သတင်းထူးလေးတွေပါလို့- မြစ်ကြီးနားရထားလမ်းချော်တဲ့သတင်း၊ ယာဉ်အိုယာဉ်ဟောင်းတွေ ပြန်အပ်တဲ့သတင်း-နိုင်ငံခြားသတင်း-အားကစားသတင်း၊ မှုခင်းသတင်းတွေစုံလို့ပဲကွ၊ အခုတလော သတင်းစာတွေဖတ်ရတာ တော်တော်အရသာရှိလာတယ်၊ အရင်နဲ့ မတူတော့ဘူး၊ သတင်းလည်း ပိုစုံလာတယ်၊ သတင်းစာမဖတ်ဖြစ်တာတောင် အတော်ကြာပြီ၊ အခုမှ သတင်းတွေစုံမှန်း သိတော့တယ်၊ လက်ဖက်ရည်အေးတာက အရေးမကြီးဘူး၊ သတင်းစာအောက်ချလိုက်ရင် ယူမယ့်သူက အဆင်သင့်စောင့်နေရင်စောင့်နေမှာကွ၊ ပြီးအောင်ဖတ်လိုက်ဦးမယ်"ဆိုကာ ဟန်ပါပါနှင့် ဆက်ဖတ်နေပြန်သည်။

သတင်းစာဖတ်ရန် စောင့်ဆိုင်းနေသူ မိမိကိုရည်ညွှန်းပြောနေလေသလားဟူသောအတွေးဖြင့် အနည်းငယ်တွန့်သွားမိသည်။ အိမ်တွင်သတင်းစာများယူထားပါလျက် စောင့်မဖတ်မိသော မိမိကိုယ်မိမိပဲအပြစ်တင်ရမလား၊ သတင်းစာနောက်ကျသည်ကိုပင် ယိုးမယ်ဖွဲ့ရမလား မပြောတတ်တော့။ လောလောဆယ် ယမန်နေ့က မိမိပို့လိုက်သောသတင်း ပါ၊ မပါသိချင်ရုံသက်သက်ကလေး သတင်းစာဖတ်ချင်နေခြင်းဖြစ်သည်။ ကျန်သတင်းများကိုတော့ အိမ်ပြန်ရောက်မှ ဖတ်လျှင်လည်းဖြစ်သည်။

စာရေးသူဝါသနာပါလွန်း၍ သတင်းထောက်လုပ်နေသည်မှာကြာခဲ့ပြီ။ ယခင်ကလည်း နိုင်ငံပိုင်သတင်းစာတိုက်ကြီးများသို့ သတင်းများပေးပို့ခဲ့ဖူးသည်။ ဌာနဆိုင်ရာသတင်းများ၊ အခမ်းအနားသတင်းများ၊ လူပုဂ္ဂိုလ်ကိုအစွဲပြုသောသတင်းများဖြစ်၍ ဆယ်ပုဒ်ပို့လျှင် သုံးပုဒ်ပါရန်ခက်လှသည်။

ယခုတော့ သတင်းစာတိုက်သို့ တစ်ပုဒ်ပို့လျှင် တစ်ပုဒ်ပါလာသည်။ စာရေးသူပေးပို့သော သတင်းများကလည်း ပြည်သူထဲကသတင်း၊ ပြည်သူအများစိတ်ဝင်စားသောသတင်း၊ ထူးခြားဖြစ်စဉ်သတင်း၊ မှုခင်းသတင်း စသည်တို့ဖြစ်ကြသည်။ ဆရာအယ်ဒီတာကလည်း အဆိုပါသတင်းမျိုးဆိုလျှင် ချက်ချင်းသုံးပေးသည်။အဆိုပါသတင်းမျိုးကို ဆရာအယ်ဒီတာက 'ဂျာနယ်တိုက်တွေကိုလည်း ပို့ချင်လည်းပို့ပေါ့ဗျာ'ဟုဆိုသဖြင့် ပို့လိုက်သောအခါ ဂျာနယ်ထုတ်စံအရ တစ်ပတ်ကြာမှပါလာသည်။ သတင်းစာတွင် နောက်တစ်ရက်ဆိုပါလာသည်။ သတင်းစာတိုက်အယ်ဒီတာများကလည်း သတင်းစာတိုက်တွင် စာရေးသူ၏သတင်းပြတ်သွားလျှင် ဖုန်းဖြင့်လှမ်းဆက်သွယ်၍ တောင်းသည် "ခင်ဗျားသတင်းမျိုး သတင်းစာထဲမှာထည့်ရတာ အရသာရှိတယ်ဗျ-လူတွေစိတ်ဝင်စားကြတယ်"ဟုဆိုသည်။

သတင်းထောက်ဟူသည် မိမိသတင်း သတင်းစာထဲပါလျှင် ကျေနပ်ကြသည်ပါပဲ။ ထို့အပြင် စာရေးသူပေးပို့လိုက်သော အများစိတ်ဝင်စားသည့်သတင်း၊ ထူးခြားဖြစ်စဉ်သတင်းများအတွက် သတင်းချီးမြှင့်ငွေကိုလည်း မြက်မြက်ကလေးပေးလိုက်သေးသည်။ စာရေးသူ ပို၍ကျေနပ်မိပါသည်။ ထို့ထက်ပို၍ ကျေနပ်ရသည်မှာ သတင်းစာတိုက်အယ်ဒီတာများ၏ မိမိအပေါ် ယုံကြည်မှု၊ အားကိုးမှုပင်ဖြစ်သည်။

မှတ်မိပါသေးသည်။ မကြာသေးသောကာလ နေ့ရက်တစ်ရက်၏ ညဉ့်သန်းခေါင်ယံဝန်းကျင်ဟု ထင်ပါသည်။ အိပ်ရာဘေးတွင်ချထားသော စာရေးသူ၏ ဂျီအက်စ်အမ်မိုဘိုင်းဖုန်းသံမြည်လာသဖြင့် ကောက်ကိုင်လိုက်ရာ ကျွန်တော့်ဆရာအယ်ဒီတာ၏ ဖုန်းဖြစ်နေပါသည်။ သူက "အားတော့ နာပါရဲ့ဗျာ- ခင်ဗျားတို့မြို့နယ်မှာ မီးလောင်နေလို့ အဲဒါသတင်းလေး ယူပေးပါဦး- ရရင် သတင်းစောင့်ထည့်မယ်ဗျာ" ဆိုသဖြင့် အိပ်ရာမှကမန်းကတန်းထကာ ဆရာအယ်ဒီတာပြောသောနေရာသို့ ရရာကားငှား၍ ထွက်ခဲ့ပါသည်။ စာရေးသူ၏နေအိမ်နှင့်ဝေး၍သာ မသိလိုက်ခြင်းဖြစ်သည်။ မီးလောင်ပြင် အနီးရောက်တော့လူတွေ၊ မီးသတ်ကားတွေ၊ မီးဘေးသင့်သူတွေ ပျားပန်းခပ်မျှရှိနေပြီ။ စာရေးသူ မီးလောင်မြင်ကွင်းဓာတ်ပုံကို အမိအရရိုက်ယူပြီးသတင်းကို အလျင်အမြန်ရေးလိုက်ပါသည်။ ပြီးနောက် နေပြည်တော်ရှိ သတင်းစာတိုက်သို့ သတင်းဓာတ်ပုံပေးပို့ရန် ကြိုးစားရပြန်ပါသည်။ ည ၁ နာရီကျော်ပြီဖြစ်၍ သည်အချိန်တွင် အင်တာနက်ဆိုင်များ မဖွင့်တော့ပါ။ စာရေးသူအိမ်နားကမိတ်ဆွေ အင်တာနက်ဆိုင်ကိုအကူအညီတောင်း၍ ပေးပို့လိုက်ပါသည်။

မနက်မိုးလင်းသတင်းစာတွင် အဆိုပါမီးလောင်သတင်းသည် ဖောင်ပိတ်သတင်းအဖြစ် ဖော်ပြပါရှိလာပါသည်။ ဤနေရာတွင် စာရေးသူတင်ပြလိုသည်မှာ သတင်းထောက်နှင့် အယ်ဒီတာတို့၏ အပြန်အလှန်အားကိုးမှု၊ ယုံကြည်မှုထက် သတင်း၏တန်ဖိုးကိုဖော်ပြလိုခြင်း ဖြစ်ပါသည်။

သတင်းတန်ဖိုးနှင့်ပတ်သက်၍ နှစ်ပိုင်းခွဲတင်ပြလိုပါသည်။ ပထမအပိုင်းမှာ ထိုနေ့ညက မီးလောင်သတင်းဖြစ်စဉ်ကို အချိန်မနှောင်းစေဘဲ ပြည်သူ့ထံသတင်းစာမှတစ်ဆင့် သတင်းဦးအဖြစ်ရေးသား တင်ပြနိုင်ခဲ့သဖြင့် သတင်း၏တန်ဖိုးမြင့်တက်ခဲ့ရခြင်းဖြစ်ပါသည်။ ဒုတိယအပိုင်းမှာ ထိုနေ့ညက သတင်းလိုက်၍ရခဲ့သော ထူးခြားဖြစ်စဉ်သတင်းတိုတစ်ပုဒ်အတွက် ကုန်ကျခဲ့ရသောငွေကြေးတန်ဖိုး ဖြစ်ပါသည်။ လိုင်းကားများမရှိသော သန်းခေါင်ယံတွင် အငှားယာဉ်ဖြင့်အသွားအပြန်စရိတ်နှင့် အင်တာနက်ဆိုင်မှတစ်ဆင့် သတင်း၊ ဓာတ်ပုံပေးပို့မှုအတွက် ကုန်ကျစရိတ်မည်မျှရှိမည်ကို စာဖတ်သူများခန့်မှန်း၍ ရနိုင်ပါလိမ့်မည်။ ထိုကုန်ကျစရိတ်များကို သတင်းစာတိုက်မှ အကုန်အကျခံခဲ့ပါသည်။ စာမူခများကိုလည်း ထိုက်သင့်စွာချီးမြှင့်ခဲ့ပါသည်။

**ယခင်ကနိုင်ငံပိုင်သတင်းစာကြီးများ၏ စာမျက်နှာများတွင် ဌာနဆိုင်ရာသတင်းများ နေရာယူထားသဖြင့် အများဖတ်ချင်သောသတင်းဦး၊ သတင်းထူးများကို ထည့်သွင်းရန်နေရာမရဘဲရှိနေခဲ့ရာမှ ယခုအခါ မီဒီယာကဏ္ဍ ပြုပြင်ပြောင်းလဲမှု၏ အကျိုးကျေးဇူးကြောင့် သတင်းဦး၊ သတင်းထူးများကို ထည့်သွင်းခွင့် ရရှိလာသောအခါ ကုန်ကျစရိတ်များလည်း တိုးလာမည်မှာသေချာလှပါသည်။** ယခင်ကဌာနဆိုင်ရာသတင်းများဖော်ပြရာတွင် အဆိုပါသတင်းများကို သွားရောက်ရယူရန်မလို၊ သတင်းခချီးမြှင့်ရန်မလိုသဖြင့် ကုန်ကျစရိတ်ကြီးမြင့်မည် မဟုတ်သော်လည်း ယနေ့အခါ နိုင်ငံပိုင်သတင်းစာကြီးများတွင် ဖော်ပြခွင့်ရလာသော သတင်းဦး၊ သတင်းထူးနှင့် ဖတ်ချင့်စဖွယ်သတင်းများအတွက် ကုန်ကျစရိတ်များရှိလာမည်ဖြစ်ပါသည်။

ယခုတလော စာရေးသူ၏အိမ်တွင်ယူသော နိုင်ငံပိုင်သတင်းစာကြီး သုံးစောင်ဖြစ်သည့် မြန်မာ့အလင်း၊ ကြေးမုံ၊ သည်နယူးလိုက်အော့ဖ်မြန်မာ သတင်းစာများကို သတိထား လေ့လာကြည့်မိသည်။ အဆိုပါ သတင်းစာများတွင် ခေါင်းကြီးပိုင်းများ ဆန်းသစ်လာသည်ကိုတွေ့ရသည်။ သတင်းမှတ်စု၊ ဆောင်းပါး၊ သတင်းဆောင်းပါးများသည် မှတ်သားဖွယ်ရာများဖြင့် ဖတ်ချင့်စဖွယ်ဝေဝေဆာဆာပါဝင်လာသည်။ နိုင်ငံတကာသတင်းများ၊ နိုင်ငံတကာရုပ်ရှင်နှင့် ဂီတသတင်းများ၊ သိပ္ပံဆိုင်ရာသတင်းများသည် စာမျက်နှာနေရာရလာသည်နှင့်အမျှ စာဖတ်သူတို့ အားပါးတရ ဖတ်ရှုခွင့်ရလာသည်။ အထူးနှစ်ခြိုက်မိသည်မှာ နိုင်ငံတကာအားကစားသတင်းဖြစ်သည်။ ဂြိုဟ်တုစလောင်းမရှိ၍ စာရေးသူတို့ မကြည့်နိုင်သော ဘောလုံးပြိုင်ပွဲသတင်း၊ အိပ်နေချိန်ဖြစ်၍ မကြည့်နိုင်သော အနောက်နိုင်ငံများတွင် မြန်မာစံတော်ချိန်အရ ညဉ့်နက်သန်းခေါင် ကန်သော နိုင်ငံတကာဘောလုံးပွဲသတင်းများကို ဆရာအယ်ဒီတာများက စေတနာ ဗရပွနှင့် အပင်ပန်းခံကာ စောင့်ဆိုင်းရေးသားဖော်ပြသဖြင့် မနက်မိုးလင်းလျှင် စာရေးသူတို့ မနက်စာစားရင်း၊ လက်ဖက်ရည်သောက်ရင်း ဇိမ်ကျကျဖတ်ခွင့် သိခွင့်ရနေပြီဖြစ်သည်။

ဆိုရလျှင် အဆိုပါသတင်းမှတ်စု၊ ဆောင်းပါး၊ သတင်းဆောင်းပါးနှင့် နိုင်ငံတကာသတင်းများအတွက်လည်း စာမူခများအထိုက်အလျောက် ချီးမြှင့်ပေးကြရမည်ဖြစ်ပါသည်။

ဤသို့နှယ် ဆရာအယ်ဒီတာများ၏ ကြိုးပမ်းမှု၊ သတင်းထောက်များ၏ ပူးပေါင်းကူညီမှုဖြင့် သတင်းစာများတွင် အကြောင်းအရာစုံလင်ပြီး အရည်အသွေးတက်လာသော်လည်း စာဖတ်သူများလက်ထဲ နေမြင့်မှ ရောက်နေသည်မှာ ဝမ်းနည်းဖွယ်ရာဖြစ်ပါသည်။

မြို့နယ်သတင်းထောက်များအစည်းအဝေးခေါ်သဖြင့် စာရေးသူ နေပြည်တော်ရှိ သတင်းစာတိုက်သို့ရောက်စဉ် ဆရာအယ်ဒီတာတစ်ဦးပြောသော စကားကိုမှတ်မိနေသေးသည်။

**"သတင်းစာရဲ့တန်ဖိုးမြင့်ဖို့ဆိုတာ သတင်းတန်ဖိုးမြင့်ဖို့တင်မကဘူး သတင်းစာ စောသည်ထက် စောအောင် စာဖတ်သူလက်ထဲရောက်ဖို့လည်းလိုတယ်"**ဟုဆိုခဲ့ဖူးသည်။

တစ်ဆက်တည်းပင် ဆရာအယ်ဒီတာက စာဖတ်သူလက်ထဲသတင်းစာ စောစောရောက်ရန် သတင်းစာဖြန့်ချိရေးစနစ်သည် အရေးကြီးကြောင်း၊ အချို့နိုင်ငံများတွင် နံနက်ငါးနာရီဆိုလျှင် စာဖတ်သူများ၏ အိမ်ရှေ့သို့ရောက်နေပြီဖြစ်ကြောင်း၊ ထိုသို့ရောက်ရှိနိုင်ရန် ပုံနှိပ်တိုက်ရှေ့တွင် နယ်မြေအလိုက် သတင်းစာဖြန့်ချိရေး မော်တော်ယာဉ်များကို ထိုးထားကြောင်း၊ ပုံနှိပ်စက်ကလည်း လူအင်အားဖြင့် ထုပ်ပိုးခြင်းမဟုတ်ဘဲ ပုံနှိပ်စက် Folder ကနေ စောင်ရေအလိုက်သတ်မှတ်ပေးထားသည့် သတင်းစာများ ထည့်သည့်ခွက်များဖြင့် မော်တော်ယာဉ်ပေါ်သို့ တိုက်ရိုက်တင်ပို့ရသောစနစ်ကို ကျင့်သုံးကြကြောင်း၊ သတင်းစာကိုယ်စားလှယ်များက သတင်းစာတိုက်သို့ လာရောက်ထုတ်ယူကြရန်မလိုကြောင်း၊ အချို့ဆိုလျှင် မြို့နယ်များအတွင်းရှိ စတိုးဆိုင်ကြီးများသို့ မော်တော်ယာဉ်များဖြင့် အများပြည်သူအလွယ်တကူဝယ်ယူဖတ်ရှုနိုင်ရန် လိုက်လံပေးပို့ကြကြောင်း ပြောကြားခဲ့သည်ကိုမှတ်မိခဲ့သည်။

ဟုတ်ပေသားပဲ၊ သတင်းစာစောစောဖတ်နိုင်ဖို့ဆိုလျှင် သတင်းစာတိုက်အတွက် ဖြန့်ချိရေးကုန်ကျစရိတ်တွေလည်း တက်လာဦးမှာပါပဲ။

**ယခုဆိုလျှင် သတင်းစာတစ်စောင်ကို ကျပ် ၅၀ဖြင့်သတင်းစာတိုက်က သတ်မှတ်ရောင်းချလျက်ရှိသည်။ လူစည်ကားရာနေရာများတွင် လက်ပွေ့ရောင်းသူများက အနည်းဆုံး ကျပ် ၁၀၀ဖြင့် ရောင်းသည်ကို တွေ့ရသည်။ သတင်းထူးလျှင် ဝယ်၍ပင်မရ။ သတင်းလည်းထူးပြီ၊ သတင်းစာလည်းဈေးကွက်သို့ စောစောရောက်ပြီဆိုလို့ကတော့ သတင်းစာရောင်းဈေးတန်ဖိုးက အဓိကမကျတော့၊ သတင်းစာဖတ်ရဖို့သာ ပဓာနဖြစ်လေတော့သည်။**

ယခုတစ်ဖန် ဆရာအယ်ဒီတာထံကကြားရပြန်သည်။ နိုင်ငံခြားမှ သတင်းစာကုန်ကြမ်းစက္ကူများကို ယခင်က တစ်ဒေါ်လာခြောက်ကျပ်ကျော်ကျော်နှုန်းဖြင့်သာ ဝယ်ရပြီး ယခုအခါ တစ်ဒေါ်လာ ကျပ်၈၀၀ကျော် နှုန်းဖြင့် ဝယ်ရကြောင်းသိရပြန်သည်။

သတင်းစာဈေးကွက်တွင် အရှုံးနှင့်ရင်ဆိုင်နေရသည်မှာ သေချာလှပါပြီ။ စာဖတ်သူများ ဈေးသက်သက်သာသာဖြင့် ဝယ်ယူဖတ်ရှုစေလိုသော စေတနာဖြင့်ဈေးနှုန်းလျှော့၍ ရောင်းချသည်မှန်သော်လည်း ဈေးကွက်စီးပွားရေးစနစ်တွင် အရှုံးခံ၍ ရောင်းချခြင်းဆိုသည်မှာ မဖြစ်သင့်တော့။ အမြတ်ရလိုခြင်းသည် အဓိကမဟုတ်သော်လည်း အရှုံးခံရောင်းချခြင်းသည် ဈေးကွက်စီးပွားရေးစနစ်နှင့်ကိုက်ညီမှု မရှိတော့ချေ။

ယနေ့မီဒီယာလောကမှ ဂျာနယ်၊မဂ္ဂဇင်းများနည်းတူ ခေတ်နှင့်အညီ လိုက်ပါနိုင်ဖို့ဆိုလျှင် ဈေးကွက်ကိုလည်း မေ့ထား၍မရချေ။ သတင်းစာတစ်စောင် ကျပ်၅၀ဟူသည် မြန်မာနိုင်ငံအတွင်း ထုတ်ဝေသော မည်သည့်ဂျာနယ်၊ မည်သည့်မဂ္ဂဇင်းတွင်မျှ မရှိ။ ဂျာနယ်၊ မဂ္ဂဇင်းတစ်စောင်လျှင်ပင် ကျပ်၄၀၀ မှ ၄၀၀၀ ဝန်းကျင်အထိ ရှိနေပြီဖြစ်သည်။

သတင်းစာထုတ်ဝေသူများကဈေးနှုန်းမြှင့်လိုက်ပါလျှင် စောင်ရေလျော့သွားမည့် အရေးတွေးပူနေသည် ဟုထင်ပါသည်။ တွေးပူရန်မလိုပါ။ နိုင်ငံတကာသတင်းစာများကိုကြည့်လျှင် အချို့သတင်းစာများသည် မြန်မာငွေကျပ် ၁၀၀၀အထက်တွင်ရှိကြသည့်အပြင် စောင်ရေ သန်းဂဏန်းအထိပင်ရှိကြပါသည်။ နိုင်ငံလူဦးရေများသဖြင့် စောင်ရေများရခြင်းဖြစ်သည်ဟု အချို့ဆိုကြပါသည်။ မဟုတ်ပါ။ ထိုနိုင်ငံတွင် စောင်ရေ သောင်းဂဏန်းမျှပင် အနိုင်နိုင်ထုတ်ရသော သတင်းစာများလည်းရှိပါသည်။ သတင်းစာပါ အကြောင်းအရာကောင်းကောင်းနှင့် သတင်းစာဖြန့်ချိမှုစနစ်ကောင်းရန်သာ အဓိကကျပါသည်။

**ယခုအခါ နိုင်ငံပိုင်သတင်းစာကြီးများမှ အယ်ဒီတာကြီးများက ၎င်းတို့၏ သတင်းစာကို အသွင်သဏ္ဌာန်ရော၊ အနှစ်သာရပါပြောင်းလဲရန်ကြိုးပမ်းနေကြသည်ကို စာဖတ်သူအားလုံး မြင်တွေ့ကြရမည်ဖြစ်ပါသည်။ မြို့နယ်သတင်းထောက်များကလည်း သတင်းဦး၊ သတင်းထူးများအပါအဝင် ပြည်သူများစိတ်ဝင်စားသော သတင်းများကို ရေးသားပေးပို့လျက်ရှိနေကြပြီ ဖြစ်ပါသည်။ စာရေးသူအနေဖြင့်လည်း တန်ဖိုးမြင့်သော သတင်းဦး၊ သတင်းထူးများကို သတင်းစာတိုက်သို့ ဆက်လက်ပေးပို့သွားမည်ဖြစ်ပါသည်။** သို့သော် အမှန်တိုင်းပြောရလျှင် သတင်းဦး၊ သတင်းထူးများ နှင့် ဖတ်ချင့်စဖွယ်သတင်းများရဖို့ဆိုလျှင် မီးလောင်သတင်းယူသည့် ညကကဲ့သို့ ကုန်ကျမှုများရှိလာဦးမည်ဖြစ်ပါသည်။ သတင်းထောက်များသည် အများစုမှာ ချမ်းသာသူများမဟုတ်၍ အရှုံးခံအိတ်စိုက်ပြီး သတင်းမလိုက်လိုကြပါ။ ထိုအခါ သတင်းစာတိုက်မှ သတင်းတန်ဖိုးအလိုက် သတင်းခများတိုးမြှင့်၍ ချီးမြှင့်လာရမည်ဖြစ်ပါသည်။ သတင်းစာတိုက်က အရှုံးပေါ်နေ၍ သတင်းခချီးမြှင့်ငွေလျှော့၍မရပါ။ တန်ဖိုးရှိသောသတင်းများ သတင်းစာတိုက်သို့ ရောက်လာတော့မည်မဟုတ်ပါ။

ထို့ကြောင့် တန်ဖိုးမြင့်သောသတင်းစာဖြစ်ရန် သတင်းစာကို အရှုံးခံရောင်း၍ မဖြစ်တော့ပါ။ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ အထိုက်အလျောက်အကျိုးအမြတ်ရရှိရေးအတွက် စီမံရပေတော့မည်။ ထိုအခါ သတင်းစာတစ်စောင်၏တန်ဖိုးကို အထိုက်အလျောက်မြှင့်တင်ရပေဦးမည်။

**ယနေ့ကာလ နိုင်ငံပိုင်သတင်းစာတစ်စောင်၏တန်ဖိုးသည် ကျပ်၅၀သာရှိရာ ကမ္ဘာ့တန်ဖိုးအနည်းဆုံး သတင်းစာရောင်းဈေးအဖြစ် ဂင်းနက်စ်စံချိန်ပင်တင်နိုင်ပါသည်။ လက်ဖက်ရည်တစ်ခွက်တန်ဖိုးသည် ကျပ် ၂၅၀ အထက်တွင်ရှိရာ တန်ဖိုးမြင့်သောသတင်းစာများဖြစ်ပေါ်လာခြင်းနှင့်အတူ သတင်းစာတစ်စောင် တန်ဖိုးမြင့်လာခြင်းကို စာဖတ်သူများ နားလည်လက်ခံနိုင်မည်ဖြစ်ပါသည်။**

စာရေးသူအနေဖြင့်ပြောရလျှင် ယခုအချိန်တွင်သတင်းစာတစ်စောင် ဖတ်မလား၊ လက်ဖက်ရည်တစ်ခွက်သောက်မလားဟုမေးလျှင် အမှန်တိုင်းဖြေပါမည်။ လက်ဖက်ရည်တစ်ခွက် မသောက်ရရင်နေပါစေ၊ သတင်းစာတစ်စောင်မဖတ်ရလျှင်တော့ မနေနိုင်ပါ။

စာရေးသူ လက်ဖက်ရည်ဆိုင်တွင်ထိုင်သည်မှာလည်း လက်ဖက်ရည်သောက်ချင်၍ မဟုတ်ပါ။ စာရေးသူ ပေးပို့သောသတင်း သတင်းစာတွင် ပါ၊ မပါ သိလို၍ သတင်းစာဝင်ဖတ်ခြင်းသာ ဖြစ်ပါသည်။

**ပြည်သူအကြိုက်သတင်းစာ၊ ပြည်သူများစွဲမက်ဖွယ်ကောင်းသော သတင်းစာဖြစ်လျှင် ဈေးနှုန်းသည် အဓိကမကျတော့ကြောင်း ပြောင်းလဲလာသည့် လက်ရှိကာလ မီဒီယာအခင်းအကျင်းကိုလေ့လာပါက လက်တွေ့သိရှိနိုင်မည် ဖြစ်ပါသည်။**

"ဆရာ-ဆရာဖတ်ချင်တဲ့သတင်းစာ"

ထိုသို့ သတင်းစာအကြောင်း တောင်တောင်အီအီ အတွေးနယ်ချဲ့နေစဉ် စားပွဲထိုးကောင်လေးက သတင်းစာလာပေးသဖြင့် စာရေးသူ၏သတင်း ပါ၊ မပါ ဖတ်ကြည့်လိုက်ပါသည်။

ကျေနပ်သွားပါပြီ။ စာရေးသူသတင်းမှာ ဆရာအယ်ဒီတာ၏ တည်းဖြတ်ပြင်ဆင်မှု ကောင်းမွန်သောကြောင့် ပို၍ပြောင်မြောက်သွားပါသည်။ ပြည်သူအကြိုက်သတင်းတစ်ပုဒ်ဖြစ်ခဲ့ပါပြီ။ စာရေးသူ ဂုဏ်ယူမိပါသည်။ စာရေးသူ၏သတင်းကို ကြိုးစားပမ်းစား ဖတ်ရှုတည်းဖြတ်ပြင်ဆင်ပေးခဲ့သည့် ဆရာ အယ်ဒီတာကို ကျေးဇူးတင်စကားဆိုရပါဦးမည်။ သို့သော် ယခုတော့ မဟုတ်ပါ။ ယခုနံနက် ၉ နာရီခွဲပင်ရှိသေးသည်။ ဆရာအယ်ဒီတာ တစ်ညလုံးသတင်းစာအလုပ်အပေါ် အာရုံစူးစိုက်ကြိုးပမ်းလုပ်ဆောင်ခဲ့သဖြင့် အိပ်မောကျနေပါဦးမည်။

ခုတော့ ဆရာအယ်ဒီတာတို့လက်ရာသတင်းစာကို လက်မလည်အောင်ဖတ်နေကြရပါပြီ။ **နိုင်ငံပိုင်သတင်းစာများ၏ အနာဂတ်ခရီးတွင် ထိုသို့စာဖတ်သူများ လက်မလည်အောင် ဆက်လက်ဖတ်ရှုနိုင်ရေးအတွက် ပြုပြင်သင့်သည်များ၊ ပြောင်းလဲသင့်သည်များကို ဈေးကွက်စီးပွားရေးကို အခြေခံ၍လည်းကောင်း၊ စတုတ္ထမဏ္ဍိုင်အဖြစ် ခိုင်ခိုင်မာမာရပ်တည်နိုင်မှုကို ရှေးရှု၍ လည်းကောင်း ပြုပြင်ပြောင်းလဲရန်ကြိုးစားကြရမည်ဖြစ်ပါသည်။ စာရေးသူတို့သတင်းထောက်များကလည်း ဆရာအယ်ဒီတာတို့ သတင်းစာ ယခုထက် ပိုကောင်းအောင် ဆက်လက်ကြိုးစားနေပါဦးမည်။** ဆရာအယ်ဒီတာတို့ကလည်း နိုင်ငံပိုင်သတင်းစာကြီးများ ယခုထက်ပိုမိုတိုးတက်ကောင်းမွန်အောင်ကြိုးစားနေဦးမည်ဟု ယုံကြည်ပါသည်။ ။

## အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းလာပြီဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေထိ ဖြစ်တတ်သည်။

**လိုက်နာဆောင်ရွက်ရန် -**

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင် နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက်အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

**နေပြည်တော် မေ ၉**

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ကဏ္ဍအသီးသီးအနက် မွေးမြူရေးနှင့် သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Private, Public, Partnership (PPP) အသွင် အကောင်အထည်ဖော်ရာတွင် ပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်ကြီးများနှင့် ကျေးလက်နေပြည်သူများအား တစ်ဦးချင်း တစ်အုပ်တစ်မ အစုအဖွဲ့များ၊ သမဝါယမအသင်းများနှင့်ပေါင်းစပ်ကာ Contract Farming များ အကောင်အထည်ဖော်မှုကို အင်တိုက်အားတိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် အဓိကလိုအပ်ချက်များဖြစ်သော မတည်ရင်းနှီးငွေနှင့် ဈေးကွက်ဖန်တီးဖော်ဆောင်ရေး ပူးပေါင်းဆောင်ရွက်နိုင်ရန် ဖိတ်ကြားထားသော လုပ်ငန်းရှင်ကြီးများက ဆွေးနွေးပေးရန်ဖြစ်ကြောင်း ယနေ့မွန်းလွဲပိုင်းတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းရှင်များနှင့် သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ပြောကြားသည်။

ထို့နောက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆောင်ရွက်ရာတွင် သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုမှာ အောင်မြင်မှုများ ရရှိလာပြီဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းရှင်ကြီးများအနေဖြင့် သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်များအတိုင်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း ဆွေးနွေးသည်။

ယင်းနောက် မေခကုမ္ပဏီ၊ Myanmar CP Livestock Co., Ltd.၊ ကမ္ဘောဇကုမ္ပဏီ၊ အောင်တက်ထွန်းကုမ္ပဏီ၊ စိန်ဝတ်မှုန်ကုမ္ပဏီ၊ ဒေင်ကြက်သားပေါက်ကုမ္ပဏီ၊ 555 ကြက်သားပေါက်ကုမ္ပဏီ၊ နေလကုမ္ပဏီ၊ Green Field International Co., Ltd.၊ MRC Co.,၊ ULB Co., တို့မှ မန်နေဂျင်းဒါရိုက်တာနှင့် အထွေထွေမန်နေဂျာများက မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ မွေးမြူရေးဇုန်အလိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဇီဝလုံခြုံရေးဆိုင်ရာ ရောဂါကာကွယ်ကုသမှုအခြေအနေများကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းရှင်များနှင့် သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)



**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်နှင့် စင်ကာပူနိုင်ငံ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး Mr. Khaw Boon Wan တို့ စင်ကာပူမြို့ရှိ Shangrila Hotel ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးစဉ်။** (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ စင်ကာပူနှင့် မလေးရှားနိုင်ငံတို့၌ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးမှုဆိုင်ရာများ ဆွေးနွေး

**နေပြည်တော် မေ ၉**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူသမ္မတနိုင်ငံအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး Mr. Khaw Boon Wan နှင့် မလေးရှားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး Dato' Sri Mustapa Mohamet တို့၏ ဖိတ်ကြားချက်အရ စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံတို့သို့ မေ ၁ ရက်မှ ၈ ရက်အထိ သွားရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးနှင့် မေ ၂ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် Shangrila Hotel ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ စင်ကာပူနိုင်ငံ၏ မြေရာစီမံခန့်ခွဲမှုစနစ်များ၊ အစိုးရ၏ ပြည်သူ့အိမ်ရာ ထုထောင်မှုလုပ်ငန်းစဉ်များ၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှုအတွက် စီမံကိန်းများရေးဆွဲမှု လုပ်ငန်းစဉ်များနှင့် အတွေ့အကြုံများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် စင်ကာပူနိုင်ငံ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး Ms. Sim Ann နှင့် တွေ့ဆုံ၍ မြေရာဥပဒေရေးရာကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

မေ ၇ ရက် မွန်းတည့် ၁၂ နာရီတွင် မလေးရှားနိုင်ငံ ပြည်သူ့အိမ်ရာဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမဆောင်၌ ပြည်သူ့အိမ်ရာဝန်ကြီးဌာန ဝန်ကြီးနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံဝန်ကြီးဌာနအကြား ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များနှင့် ပြည်သူ့အိမ်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

မွန်းလွဲ ၂ နာရီခွဲတွင် မလေးရှားနိုင်ငံ အလုပ်သမားရေးရာ ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမဆောင်၌အလုပ်သမားရေးရာဝန်ကြီးဌာန ဝန်ကြီး Datuk Seri Shaziman Abu Mansor နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံဝန်ကြီးဌာနအကြား ပူးပေါင်းဆောင်ရွက်ရန်ကိစ္စများကို ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ညနေ ၃ နာရီ ၁၅ မိနစ်တွင် မလေးရှားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး Dato' Sri Mustapa Mohamet နှင့် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ၂၀၁၁ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆု ထုတ်ပြန်ကြေညာ

**ရန်ကုန် မေ ၉**

ပခုက္ကူမြို့၌ ဖွင့်လှစ်ထားသော ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်သို့ ၂၀၁၁ ခုနှစ်အတွင်း ရောက်ရှိခဲ့သော နိုင်ငံတော်၏ ခွင့်ပြုချက်ဖြင့် ထုတ်ဝေခဲ့သည့် စာအုပ်များအနက် စာကြည့်တိုက်ကော်မတီ၏ အဆုံးအဖြတ်ဖြင့် စာဖတ်သူများ သတိမူဖတ်ရှုနိုင်ရန် ဂုဏ်ပြုသောအားဖြင့် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက် စာအုပ်ဆုများကို ၂၀၁၁ ခုနှစ်အတွက်မှစ၍ တီထွင်ချီးမြှင့်လျက်ရှိသည်။

၂၀၁၁ ခုနှစ်အတွက် စာကြည့်တိုက်စာအုပ်ဆုကို စာရေးဆရာ ခင်မောင်မြင့် (စစ်ကိုင်း) ရေးသားသည့် "ဒီမိုကရေစီနိုင်ငံနှင့် စတုတ္ထမဏ္ဍိုင်" စာအုပ်က ရရှိသည်။

အဆိုပါဆုကို မေ ၁၅ ရက် (အင်္ဂါနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အမှတ်(၄၀) နတ်မောက်လမ်းရှိ Chartrium Hotel ၏ Grand Ballroom ခန်းမဆောင်၌ ကျင်းပမည့် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုနှင့် ပညာရည်ချွန်ဆု ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် တစ်ပေါင်းတည်းချီးမြှင့်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# စီးပွားရေးလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍပါဝင်လာမှု အငြိမ်းစားဝန်ထမ်းများအတွက် အလုပ်အကိုင်များ ရရှိလာ

**ရန်ကုန် မေ ၉**

စီးပွားရေးလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍပါဝင်မှု မြှင့်တင်ပေးမှုနှင့်အတူ လုပ်ငန်းအတော်များများတွင် ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများက ဆောင်ရွက်လာကြပြီး လုပ်သက်ရင့်အစိုးရဝန်ထမ်းများ၊ ကျွမ်းကျင်အငြိမ်းစား ဝန်ထမ်းများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာကြကြောင်း သိရသည်။

နိုင်ငံပိုင် အစိုးရလုပ်ငန်းများအား ပုဂ္ဂလိကသို့ လွှဲပြောင်းဆောင်ရွက်ခွင့်ပြုခဲ့ခြင်းနှင့်အတူ အဆိုပါလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်ရန်အတွက် ကျွမ်းကျင်အငြိမ်းစားဝန်ထမ်းများအား ရွေးချယ်ခန့်အပ်မှုများရှိကြောင်း သိရသည်။ လတ်တလောတွင် မြန်မာ့အာမခံလုပ်ငန်းမှ ပုဂ္ဂလိကအာမခံကုမ္ပဏီများ တည်ထောင်လုပ်ကိုင်ခွင့်ပြုခဲ့ရာတွင် လုပ်ကိုင်ဆောင်ရွက်လိုကြသည့် ပုဂ္ဂလိကအာမခံကုမ္ပဏီများအနေဖြင့် အာမခံလုပ်ငန်း အတွေ့အကြုံရှိသော၊ ကျွမ်းကျင်သောအငြိမ်းစားဝန်ထမ်းများအား ဆက်သွယ်ခေါ်ယူခန့်အပ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ အစိုးရပိုင်လုပ်ငန်းအချို့အား ပုဂ္ဂလိကသို့ ဆောင်ရွက်ခွင့်ပြုရာတွင် ပုဂ္ဂလိကမှ လုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်း မရှိခဲ့သော လုပ်ငန်းများအား လုပ်ကိုင်ဆောင်ရွက်ရာတွင် အတွေ့အကြုံနှင့် ကျွမ်းကျင်မှုများ လိုအပ်သည်။ ယင်းကြောင့် အစိုးရဌာနများမှ အငြိမ်းစားယူခဲ့ပြီးဖြစ်သော ကျွမ်းကျင်ဝါရင့်ဝန်ထမ်းများကို လုပ်ငန်းများကြီးကြပ်ရန်၊ စီမံဆောင်ရွက်ရန်အတွက် ဆက်သွယ်ခေါ်ယူ၍ အလုပ်အကိုင်အခွင့်အလမ်းများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"သမဝါယမမှာလည်း ဒီလိုပါပဲ။ ကျွမ်းကျင် အငြိမ်းစားဝန်ထမ်းတွေကို ဗဟိုသမဝါယမအသင်း လီမိတက်မှာ လုပ်ကိုင်စေပါတယ်။ ဒီလိုပဲ ပုဂ္ဂလိကဘဏ်တွေ အပြိုင်အဆိုင်ပေါ်လာတော့ ဘဏ်လုပ်ငန်းတွေမှာ ကျွမ်းကျင်ဝန်ထမ်းတွေ၊ စီမံအုပ်ချုပ်မှုပိုင်းဆိုင်ရာတွေမှာ လိုအပ်တဲ့အတွက် အစိုးရဘဏ်က အငြိမ်းစားကြီးတွေ ခေါ်ယူခန့်အပ်ကြပါတယ်။ စီမံကိန်းဌာနက ပုဂ္ဂိုလ်တွေ၊ စွမ်းအင်ဝန်ကြီးဌာနက ပုဂ္ဂိုလ်တွေကိုလည်း အပြင်ကုမ္ပဏီကြီးတွေက ခန့်အပ်ကြတာ တွေ့ရပါတယ်။ ဒီလိုမျိုးအရင်က ကန့်သတ်ထားတဲ့လုပ်ငန်းတွေကို ပုဂ္ဂလိကကို ပါဝင်ဆောင်ရွက်ခွင့်ပြုပြီး ပုဂ္ဂလိကကဏ္ဍမြှင့်တင်တဲ့အခါမှာ ကျွမ်းကျင်ဝန်ထမ်းတွေ အများအပြားလိုအပ်ပါတယ်။ အခုမှ အသစ်စလုပ်ရမှာဆိုတော့လေ။ ဒါကြောင့် အစိုးရဌာနက အငြိမ်းစားကျွမ်းကျင်ဝန်ထမ်းတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ပြန်ပေါ်နေတယ်လို့ ဆိုရမှာပေါ့။ အငြိမ်းစားယူပြီးပေမယ့် အလုပ်ဆက်လုပ်ချင်ကြသူတွေအတွက် အဆင်ပြေတာပေါ့" ဟု စီမံကိန်းရေးဆွဲရေးဌာနမှ အငြိမ်းစားညွှန်ကြားရေးမှူးတစ်ဦးက ပြောသည်။

(ဝဝ၁)

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

# ရေခဲဈေးမြင့်ခဲ့သော်လည်း ငါးဈေးသိသိသာသာတက်ခြင်းမရှိ စားသုံးသူများ အဆင်ပြေလျက်ရှိ

**သတင်းမှတ်စု-ရွှေတင်အုန်း**

**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

မြန်မာနိုင်ငံ၏ လူဦးရေတိုးနှုန်းမှာ နှစ်စဉ် ၁ ဒသမ ၅ ရာခိုင်နှုန်းမှ ၂ ရာခိုင်နှုန်းခန့်ရှိရာ တစ်နှစ် လူဦးရေတိုးနှုန်းနှင့် တွက်ပါက တစ်နှစ်ကို လူတစ်သန်းခန့် တိုးတက်လျက်ရှိကြောင်း လေ့လာသိရှိရသည်။ လူတစ်ဦး၏ တစ်နေ့ပျမ်းမျှငါးစားသုံးမှု ပမာဏကို ၆ ကျပ်သားနှုန်းဖြင့် တွက်ချက်ပါက လူတစ်ဦး၏ တစ်နှစ် ငါးစားသုံးမှုပမာဏမှာ ၂၁ ပိဿာ ၉၀ ကျပ်သားရှိကြောင်း သိရှိရသည်။ ထို့ကြောင့် ရှေ့ဆက်လက်တိုးတက်လာမည့် လူဦးရေအတွက် ငါးရိက္ခာဖူလုံမှုရှိအောင် ကြိုးပမ်းဆောင်ရွက်သွားရပေမည်။

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်ရှိ ဗဟိုစံပြငါးဈေးကြီးအနေဖြင့် ရန်ကုန်မြို့နေပြည်သူများ စားသုံးလျက်ရှိသော ငါးများကို အဓိကဖြန့်ဖြူးပေးလျက်ရှိရာ ရေခန်းခြောက်သော နွေရာသီတွင် ငါးဝင်ရောက်မှုနှင့် ငါးဈေးနှုန်း အတက်အကျနှင့် ပတ်သက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဗဟိုစံပြငါးဈေးကြီး ဈေးတာဝန်ခံ ဦးမောင်မောင်သန်းက ရှင်းလင်းပြောကြားရာတွင် လက်ရှိဝင်ရောက်သည့် ငါးများမှာ နှစ်မျိုးရှိကြောင်း၊ သဘာဝငါးနှင့် မွေးမြူရေးငါးများ ဖြစ်ကာ မွေးမြူရေးငါးများ ပုံမှန်ဝင်ရောက်လာသော်လည်း မြစ်ချောင်းများမှ သဘာဝငါးများ အဝင်နည်းကြောင်း၊ မိုးလိုင်လိုင်ရွာသောအခါမှသာ သဘာဝငါးများ ပုံမှန်ဝင်ရောက်လေ့ရှိကြောင်း၊ ငါးဈေးအနေဖြင့် သိသိသာသာတက်ခြင်း မရှိကြောင်း၊ ငါးဈေးတက်ခြင်းမှာ ရေခဲနှင့် ဆိုင်သကဲ့သို့ ငါးဝင်ရောက်မှုနှင့်လည်း သက်ဆိုင်ကြောင်း၊ ရေခဲဈေးမြင့်တက်လျှင် ငါးဈေးမြင့်တက်နိုင်သလို ငါးဝင်ရောက်မှုနည်းလျှင်လည်း ငါးဈေးမြင့်တက်နိုင်ကြောင်း၊ ငါးမွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် တိုးမြင့်လာမည့် လူဦးရေနှင့်အညီ ငါးရိက္ခာဖူလုံစေရန် ငါးကန်များ တိုးချဲ့ပြီး စနစ်တကျမွေးမြူသွားရန်လိုကြောင်း ရှင်းလင်းပြောကြားသည်။

ငါးဈေးကြီးအတွင်း ရေခဲဖြန့်ဖြူးပေးလျက်ရှိသော ရေခဲလုပ်ငန်းရှင် ဦးသီဟကလည်း ယခုနှစ်တွင် မတ်လနှင့် ဧပြီလများတွင် ရေခဲဈေးတက်ခဲ့ကြောင်း ပေါင် ၃၀၀ ရေခဲတုံးများမှာ ပေါင် ၁၀၀ သာရှိခဲ့ကြောင်း၊ ယခု မေလ ၃ ရက်နေ့မှစ၍ ရေခဲဈေးပြန်ကောင်းခဲ့ကြောင်း၊ သို့သော်လည်း ယခင်ကလို ပေါင် ၃၀၀ မပြည့်မီသေးကြောင်း ပေါင်မပြည့်သဖြင့် ယခင်က ရေခဲအတုံး ၁၀၀ နေရာမှာ ၂၀၀ ဝယ်ယူသုံးစွဲနေရကြောင်း၊ ရေခဲဈေးတက်သော်လည်း ငါးဈေးသိသိသာသာ တက်ခြင်းမရှိကြောင်း ရှင်းလင်းပြောကြားသည်။ ။



**ဗဟိုစံပြငါးဈေးကြီးသို့ နေ့စဉ်ရောက်ရှိလာသော ငါးများကို တွေ့ရစဉ်။**

❖ ကျောဖုံးမှ

နိုင်ငံတော်၏ လူဦးရေမူဝါဒများ ချမှတ်ဆောင်ရွက်နိုင်ရန်တို့ဖြစ်ကြောင်း။

ထို့အပြင် ပြည်တွင်း၊ ပြည်ပ ပြောင်းရွှေ့သွားလာမှုပုံစံနှင့် ပမာဏ မွေးဖွားမှု၊ သေဆုံးမှုတို့ကို နှစ်အလိုက်၊ နေရာဒေသအလိုက် ရရှိနိုင်ကြောင်း၊ နိုင်ငံအတွင်းနေထိုင်သူများ၏ ဒေသအလိုက်၊ မြို့နှင့်ကျေးလက်နေ လူဦးရေကို ရရှိနိုင်ရုံသာမက အလုပ်အကိုင်၊ ပညာအရည်အချင်း၊ အိမ်ထောင်စုများ၏ လူမှုစီးပွားရေး အခြေအနေ၊ အိမ်အကြောင်းအရာများကိုပါ သိရှိနိုင်သည့်အတွက် နိုင်ငံတော်က ဆောင်ရွက်နေသည့် ဆင်းရဲမှုပပျောက်ရေး အစီအစဉ်များအတွက်လည်း ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အကဲဖြတ်ရာတွင် လည်းကောင်း၊ ဝင်ငွေနည်းပါးသူများအား ထောက်ပံ့ကြေးပေးသည့် ကိစ္စရပ်များတွင် လည်းကောင်း၊ အိမ်ရာအကူအညီပေးရေး၊ ပြန်လည်ထူထောင်ရေး၊ သက်သာချောင်ချိရေး၊ လူမှုဖူလုံရေး၊ သက်ကြီးရွယ်အို စောင့်ရှောက်ရေး၊ မသန်မစွမ်းနှင့် စစ်မှုထမ်းဟောင်းများ ထောက်ပံ့ပေးရေး၊ အမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် လူမှုရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန် ရန်ပုံငွေခွဲဝေချထားရေးဆိုင်ရာ ကိစ္စရပ်များတွင်လည်း အသုံးပြုနိုင်ကြောင်း။

စီးပွားရေးလုပ်ငန်းရှင်များအတွက်မူ ဈေးကွက်ရှာဖွေခြင်း၊ စားသုံးသူခန့်မှန်းခြင်း၊ ကုန်ပစ္စည်းထုတ်လုပ်ခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း စသည်တို့အတွက် အသုံးဝင်မည်ဖြစ်သကဲ့သို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်သူများ ကယ်ဆယ်ရေး စသည့်ကဏ္ဍများတွင်လည်း အသုံးဝင်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံရှိ ဆက်စပ်ပတ်သက်သည့် ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံးက စိတ်တူကိုယ်တူ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လူဦးရေ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းကို ဆောင်ရွက်ရာတွင် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန်နှင့် ရရှိလာမည့် အချက်အလက်များ၏ အရည်အသွေးပြည့်ဝပြီး တိကျမှန်ကန်မှုသည် လွန်စွာအရေးကြီးကြောင်း။

၎င်းလုပ်ငန်းကြီး အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့နှင့်လည်း နီးကပ်စွာ ပူးပေါင်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

၂၀၁၂ ခုနှစ် ဧပြီ ၃၀ ရက်တွင် ကုလသမဂ္ဂနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့အကြား ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းအတွက် အကူအညီပေးရေး စာချွန်လွှာလက်မှတ်ရေးထိုးမှုပြုလုပ်ခဲ့ကြောင်း။

ဗဟိုသန်းခေါင်စာရင်း ကော်မရှင်ဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးအရာရှိ Mr. Vijay Nambia တို့သည် အကူအညီပေးရေး စာချွန်လွှာကို လက်မှတ်ရေးထိုးပြီး အပြန်အလှန် လဲလှယ်ခဲ့ကြပါကြောင်း၊ အဆိုပါ အခမ်းအနားသည် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းအတွက် အလွန်အရေးပါသည့် သမိုင်းမှတ်တိုင်တစ်ခု ဖြစ်သကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး နိုင်ငံတကာစံချိန်စံညွှန်းဖြင့် ဆောင်ရွက်သွားတော့မည်ဟု ကတိကဝတ် ပြုလိုက်ခြင်းလည်း ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် သန်းခေါင်စာရင်း ကောက်ယူမှု မပြုနိုင်ခဲ့သည်မှာ နှစ်ပေါင်း ၃၀ ခန့် ရှိပြီဖြစ်သည့်အတွက် အခြားနိုင်ငံများနှင့်တန်းတူ ခေတ်မီနည်းပညာများ အသုံးပြုနိုင်ရေး၊ နိုင်ငံတကာစံချိန်စံညွှန်းနှင့် ကိုက်ညီသော အချက်အလက်များ ရရှိရေးအတွက် ပြည်တွင်းပြည်ပ ပညာရှင်များ၏ အကြံဉာဏ်များကိုလည်း ရယူသွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စာချွန်လွှာတွင် ဖော်ပြပါရှိသည့်အတိုင်း သန်းခေါင်စာရင်း လုပ်ငန်းအကြံပေးကော်မတီများ၊ နည်းပညာဆိုင်ရာ အကြံပေးကော်မတီများကို ဆောလျင်စွာ ဖွဲ့စည်းသွားရန် လိုအပ်ကြောင်း၊ အကူအညီပေးရေး စာချွန်လွှာတွင်ပါသည့် ခေတ်နှင့်လျော်ညီသော ဥပဒေတစ်ရပ် ရှိရေး စသည့် ကိစ္စများကိုလည်း အချိန်နှင့် တစ်ပြေးညီ အလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းသည် လူတိုင်းကို ကောက်ယူမည်ဖြစ်သည့်အတွက် လူထုလူတန်းစား အသီးသီး၊ အလွှာအသီးသီးက ပြည်သူများ သန်းခေါင်စာရင်းအကြောင်းကို နားလည်ရန်နှင့် ပါဝင်ကူညီရန် လိုအပ်ပါကြောင်း၊ သတင်းနှင့် ပြန်ကြားရေးကဏ္ဍအနေဖြင့် မီဒီယာမျိုးစုံကို သုံးပြီး သန်းခေါင်စာရင်းနှင့် ပတ်သက်သည့် အသိပညာပေးလုပ်ငန်းများကို လုပ်ငန်းစီမံချက်များအတိုင်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

နိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်နေသည့် လူဦးရေစာရင်း၊ ဇယား အချက်အလက်များ ရရှိရေးအတွက် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်ကြီးသည် နိုင်ငံတော်၏ **အမျိုးသားရေးတာဝန်တစ်ရပ်**ဖြစ်သည့်အတွက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်က ဦးဆောင်ဦးရွက်ပြုပြီး ကော်မတီအဆင့်ဆင့်၏ ကြီးကြပ်မှု၊ ပတ်သက်ဆက်စပ်နေသည့် ဌာနဆိုင်ရာဝန်ထမ်းများ၏ ကျွမ်းကျင်မှု၊ ကြိုးပမ်းအားထုတ်မှုစသည်တို့ကို အရင်းခံပြီး ၎င်းလုပ်ငန်းကြီးကို သမိုင်းပေးအမျိုးသားရေးတာဝန်အဖြစ် ဝန်ကြီးဌာနအားလုံးနှင့် ပြည်သူလူထု တစ်ရပ်လုံးက အင်တိုက်အားတိုက် ဝိုင်းဝန်းကူညီပံ့ပိုးကြရန် လေးလေးနက်နက် တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဗဟိုသန်းခေါင်စာရင်း ကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူမည့် အခြေခံအချက်အလက်များ၊ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းကြီး (၄)ရပ်ဖြစ်သည့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်း၊ စာရင်းကောက်လုပ်ငန်း၊ စာရင်းပြုစုခြင်းလုပ်ငန်းနှင့် ဆန်းစစ်ခြင်းနှင့် အစီရင်ခံစာပြုစုထုတ်ပြန်ခြင်း လုပ်ငန်းများကို လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းနှင့် ပတ်သက်၍ ထိုင်းနိုင်ငံခရီးစဉ်မှ လေ့လာတွေ့ရှိချက်များ၊ အကြံပြုချက်များကို ဗဟိုသန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူးက လည်းကောင်း၊ သန်းခေါင်စာရင်းလုပ်ငန်း၏ စာရင်းဇယားပြုစုရေးလုပ်ငန်းတွင် ICR နည်းပညာအသုံးပြုမှုနှင့် ပတ်သက်၍ ဒေါက်တာခိုင်ခိုင်စိုးက လည်းကောင်း၊ ဗဟိုသန်းခေါင်စာရင်းကော်မရှင်အဖွဲ့ဝင် ဝန်ကြီးဌာနများ၏ အကြံပြုချက်များ၊ သဘောထားမှတ်ချက်များနှင့် ပတ်သက်၍ ဗဟိုသန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူးက လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဗဟိုသန်းခေါင်စာရင်းကော်မရှင်နှင့် ဗဟိုသန်းခေါင်စာရင်းကော်မတီတို့မှ အဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေးအကြံပြု တင်ပြကြသည်။

ယင်းနောက် ဗဟိုသန်းခေါင်စာရင်း ကော်မရှင် နာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းသည် လုပ်ငန်းပမာဏ ကြီးမားကျယ်ပြန့်သည့်အလျောက် ငွေအင်အား၊ လူအင်အားနှင့် အချိန်ကာလရှည်ကြာစွာ ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် အခက်အခဲများရှိမည်ဖြစ်ကြောင်း၊ တိုင်းပြည်အမှန်တကယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်ကိုက်ညီပြီး အရည်အသွေးပြည့်ဝမှန်ကန်သည့် သန်းခေါင်စာရင်းဖြစ်စေရန် ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပြည်သူများအားလုံး ပူးပေါင်းဆောင်ရွက်မှုသာ အောင်မြင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အစည်းအဝေးအပြီးတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဗဟိုသန်းခေါင်စာရင်းကော်မရှင် အဖွဲ့ဝင်များနှင့်အတူ အစည်းအဝေးခန်းမအတွင်း ခင်းကျင်းပြသထားသည့် ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူမှုမှတ်တမ်းစာစောင်များနှင့် ၂၀၁၄ ခုနှစ်အတွက် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းတွင် အသုံးပြုမည့် စာရွက်စာတမ်းများကို ကြည့်ရှုလေ့လာသည်။

(သတင်းစဉ်)

## အကြိမ်(၂၀)မြောက် အာဆီယံ အသားကဏ္ဍလုပ်ငန်းအဖွဲ့ အစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၉**

အာဆီယံ အသားကဏ္ဍလုပ်ငန်းအဖွဲ့ အစည်းအဝေးကို အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း အင်္ဂလိပ်အက္ခရာစဉ်အတိုင်းကျင်းပခဲ့ရာ အကြိမ်(၂၀)မြောက် အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကောင်းကင်နန်းတော်ဟိုတယ်၌ ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ Mr. Benigno Solomon JR Novilla တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

အဆိုပါအစည်းအဝေးတွင် အာဆီယံနိုင်ငံများအတွင်း မွေးမြူရေးအခြေခံဖြင့် ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ဘေးအန္တရာယ်ကင်းသော အသားကဏ္ဍ ထွက်ကုန်များ ကုန်သွယ်ရေး၊ မူဝါဒများညှိနှိုင်း ဆောင်ရွက်ရေး၊ တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးများ အာဆီယံအဆင့်မီ ထုတ်လုပ်နိုင်ရေးတို့နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်ပြီး အစည်းအဝေးကို မေ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေး အကြိမ် (၂၀)မြောက် အာဆီယံ အသားကဏ္ဍလုပ်ငန်းအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

## ယာဉ်မောင်းသူများလိုက်နာရန် သတိပေးနှိုးဆော်ချက်

(က) မိုးရွာစဉ် ယာဉ်မောင်းလျှင် အောက်ပါအချက်များ သတိပြုပါ-

- (၁) လမ်းပေါ်တွင် စက်ဆီ၊ ချောဆီများ ဖိတ်စဉ်နေလျှင် လမ်းချော်နိုင်သည်။
- (၂) မော်တော်ယာဉ်ဘီးများ ပန်းမရှိလျှင် လမ်းချော်နိုင်သည်။
- (၃) မော်တော်ယာဉ်များ လေပေါင်ချိန် များလွန်းလျှင် လမ်းချော်နိုင်သည်။
- (၄) လမ်းပေါ်တွင် ရွှံ့ညွန်များရှိလျှင် လမ်းချော်နိုင်သည်။
- (၅) အရှိန်ပြင်းစွာ မမောင်းပါနှင့်။
- (၆) ဘရိတ်ကို ရုတ်တရက် မနင်းပါနှင့်။
- (၇) ကုန်တင်ယာဉ်များ ဟန်ချက်ညီမျှရန် ဂရုပြုပါ။
- (၈) ရေသုတ်တံပါရှိရမည်။ ကောင်းမွန်ရမည်။
- (၉) မိုးသည်းထန်စွာရွာသွန်း၍ မြင်ကွင်းမကောင်းလျှင် ရှေ့မီးကြီးကို ဖွင့်မောင်းပါ။
- (၁၀) မြေသယ်ယာဉ်၊ အုတ်၊ သဲ၊ ကျောက်သယ်ယာဉ်များ ဖိတ်စဉ်မှုမရှိစေရန် လုံခြုံစွာ တင်ဆောင်ပါ။

(ခ) အထက်ပါစည်းကမ်းချက်များအား မလိုက်နာ၍ ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများ ဖြစ်ပွားပါက တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## မီးလောင်လျှင်

- (က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
- (ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
- (ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
- (ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

**မီးသတ်ဦးစီးဌာန**

## ကြေးမုံ သတင်း ဓာတ်ပုံ မြင်ကွင်း



**စည်းကမ်းမဲ့ အမှိုက်ပစ်သူများက ရန်ကုန်မြို့တစ်နေရာရှိ လူမရှိသော ခြံတစ်ခုတွင် အမှိုက်ပစ်တတ်ကြသည်။**

**စည်းကမ်းမဲ့ လမ်းဖြတ်ကူးသူများအား စည်းကမ်းလိုက်နာစေရန် ရန်ကုန်မြို့ တစ်နေရာတွင် ၎င်းသို့ ဖမ်းဆီးသည်။**





**လမ်းစည်းကမ်းကို လိုက်နာသော ခရီးသွားများက လူကူးမျဉ်းကျားမှ ကူးသော်လည်း ယာဉ်စည်းကမ်းမလိုက်နာသော မော်တော်ယာဉ်များက မောင်းဝင်နေဆဲဖြစ်သည်။**

# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ မြန်မာ ယူ-၂၂ အသင်းအား တွေ့ဆုံ

နေပြည်တော် မေ ၉

**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF)ဥက္ကဋ္ဌ ဦးဇော်ဇော်သည် တောင်ကိုရီးယားလေ့ကျင့်ရေးခရီးစဉ်မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည့် မြန်မာယူ-၂၂ အသင်းအား မေ ၉ ရက်က MFF ရုံးချုပ် အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံနှုတ်ဆက်ခဲ့သည်။** (အောက်ပုံ) **ယင်းသို့တွေ့ဆုံရာတွင် MFF ဥက္ကဋ္ဌနှင့်အတူ အဖွဲ့ချုပ်တာဝန်ရှိသူများ၊ ယူ-၂၂ အသင်းတာဝန်ရှိသူများနှင့် ကစားသမားများ တက်ရောက်ခဲ့ကြသည်။**

ဦးစွာ MFF ဥက္ကဋ္ဌက မြန်မာလူငယ်အသင်းအား သြဝါဒစကားပြောကြားပြီးနောက် ယူ-၂၂ ကစားသမားတစ်ဦးချင်းက တောင်ကိုရီးယားလေ့ကျင့်ရေးခြေစမ်းခရီးအတွေ့အကြုံများနှင့် လေ့ကျင့်ခြေစမ်းခဲ့မှုများကို ရှင်းလင်းပြောကြားခဲ့သည်။

"ကျွန်တော်တို့မှာ အခြေခံဘောလုံးပညာကအစ အများကြီး အားနည်းသေးတယ်ဆိုတဲ့ နည်းပြချုပ် ပက်ဆောင်ဟွာရဲ့ သုံးသပ်ပြောကြားမှုက မမှားပါဘူး။ ကျွန်တော်တို့ (အများစု) သင်ယူခဲ့တဲ့ ဘောလုံးပညာနဲ့ ကိုရီးယားကစားသမားတွေရဲ့ အခြေခံဘောလုံးပညာကအစ အများကြီးကွာခြားပါတယ်။ ဘောလုံးဆွဲပြေးတာကအစပေါ့။

"တချို့နေရာတွေမှာ ကျွန်တော်တို့လုပ်နေတာတွေနဲ့ တော်တော်လွဲချော်နေတယ်။ ကိုရီးယားနည်းပြကဆိုရင် ကျွန်တော်တို့ကစားတာတွေက ရပ်ပြီးတော့ ကစားနေတယ်လို့တောင် ထင်ရတယ်လို့ပြောတယ်။ ဟုတ်ပါတယ်။ ကိုရီးယားအသင်းတွေနဲ့ကစားတဲ့အခါမှာ ကျွန်တော်တို့ဒီမှာထက် နှစ်ဆသုံးဆပိုပင်ပန်းခဲ့ရတယ်။ သူတို့က တစ်သင်းလုံးလှုပ်ရှားပြေးလွှားနေကြတာ။ ကစားပုံအရမ်းမြန်တယ်"ဟု ယူ-၂၂ ကစားသမားတစ်ဦးဖြစ်သူ သက်နိုင်က သုံးသပ်တင်ပြခဲ့သည်။

ယင်းနောက် ဥက္ကဋ္ဌသည် မြန်မာလူငယ်အသင်းမှ ကျော်ကိုကို၊ မိုင်းအိုက်နိုင်၊ ကျော်ဇေယျာဝင်း စသည့် ကစားသမားသုံးဦးကို တောင်ကိုရီးယားခြေစမ်းခရီးမှ ရရှိခဲ့သောအတွေ့အကြုံနှင့် လေ့ကျင့်မှုများကို ယူ-၁၃၊ ၁၄၊ ၁၉ စသည့်သက်တမ်းအလိုက် လက်ရွေးစင်အသင်းများသို့ သွားရောက်ဟောပြောမျှဝေပေးရန် တာဝန်ပေးခဲ့သည်။

ထို့ပြင် ဥက္ကဋ္ဌက မြန်မာလူငယ်အသင်း၏ တောင်ကိုရီးယားခြေစမ်းခရီးစဉ်မှာ တန်ဖိုးရှိပြီး ငွေကုန်ရကျိုးနပ်ခဲ့သည့် ခရီးစဉ်ဖြစ်ကြောင်းလည်း မှတ်ချက်ပြုခဲ့သည်။

(ဇော်မင်းအောင်)



# ယဉ်ကျေးမှုဝန်ကြီးဌာနက အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များကို ဇုန်နယ်မြေများ သတ်မှတ်ပြဋ္ဌာန်း

အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် ၁၉၉၈ ခုနှစ်တွင် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ဥပဒေနှင့်အညီ ယဉ်ကျေးမှုအမွေအနှစ်ဒေသ (၃၇)ခုကို သင့်လျော်သောဇုန်အမျိုးအစားများသတ်မှတ်၍ ကာကွယ်ထိန်းသိမ်းခဲ့ကြောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်းတွင် အောက်ပါယဉ်ကျေးမှုအမွေအနှစ်ဒေသ (၅)ခုကို ရှေးဟောင်းနေရာတည်ရှိရာဇုန် (Ancient Site Zone)၊ ကာကွယ်ထိန်းသိမ်းထားသောဇုန် (Protected and Preserved Zone) အဖြစ် သတ်မှတ်ပြဋ္ဌာန်းခဲ့ကြောင်း သိရသည်။

| စဉ် | သတ်မှတ်ဒေသ | သတ်မှတ်ဇုန်အမျိုးအစား | အမိန့်ကြော်ငြာစာ အမှတ်နှင့် ထုတ်ပြန်သည့်ရက်စွဲ |
|---|---|---|---|
| ၁ | ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ မြောင်းမြမြို့ဟောင်း | ရှေးဟောင်းနေရာတည်ရှိရာဇုန် (AZ)၊ ကာကွယ်ထိန်းသိမ်းထားသောဇုန် (PZ) | ၁/၂၀၁၂ (၂-၂-၂၀၁၂) |
| ၂ | တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ မြို့ဟောင်းကျေးရွာအုပ်စု၊ သာဂရမြို့ဟောင်း | ရှေးဟောင်းနေရာတည်ရှိရာဇုန် (AZ)၊ ကာကွယ်ထိန်းသိမ်းထားသောဇုန် (PZ) | ၂/၂၀၁၂ (၂-၂-၂၀၁၂) |
| ၃ | ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ ဝေသာလီကျေးရွာနှင့် သလ္လာဝတီကျေးရွာ၊ ဝေသာလီမြို့ဟောင်း | ရှေးဟောင်းနေရာတည်ရှိရာဇုန် (AZ)၊ ကာကွယ်ထိန်းသိမ်းထားသောဇုန်(PZ) | ၃/၂၀၁၂ (၉-၃-၂၀၁၂) |
| ၄ | ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ မဟာမုနိကျေးရွာ၊ ဓညဝတီမြို့ဟောင်း | ရှေးဟောင်းနေရာတည်ရှိရာဇုန် (AZ)၊ ကာကွယ်ထိန်းသိမ်းထားသောဇုန်(PZ) | ၄/၂၀၁၂ (၉-၃-၂၀၁၂) |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်အတွင်းရှိ အမြင့်ရွာဒေသနှင့် သုံးပန်လှ(အနိမ့်)ရွာဒေသ | ကာကွယ်ထိန်းသိမ်းထားသောဇုန်(PZ) | ၅/၂၀၁၂ (၂-၄-၂၀၁၂) |

သတ်မှတ်ပြဋ္ဌာန်းထားသော ဇုန်များအတွင်း အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို ထိခိုက်ပျက်စီးစေမည့် ဆောင်ရွက်မှုများဖြစ်သည့် လူနေအိမ်ခြေအပါအဝင် အဆောက်အအုံသစ်များ ဆောက်လုပ်ခြင်း၊ လမ်းဖောက်လုပ်ခြင်း၊ ဆည်မြောင်းကန်များတူးဖော်ခြင်း၊ ဓာတ်တိုင်များစိုက်ထူခြင်း၊ တာဝါတိုင်များစိုက်ခြင်း၊ လယ်မြေများချဲ့ထွင်၍ ထွန်ယက်စိုက်ပျိုးခြင်း၊ ဥယျာဉ်ခြံမြေများစိုက်ပျိုးခြင်း၊ ခြံစည်းရိုးများ ကာရံခြင်း၊ စက်ရုံအလုပ်ရုံများ၊ ဟိုတယ်များ တည်ဆောက်ခြင်း၊ မြို့ရွာများတိုးချဲ့ခြင်း၊ မြေကွက်များဖော်ထုတ်နေရာချခြင်း၊ ဓာတ်သတ္တုပစ္စည်းများတူးဖော်ခြင်း စသည့် ရှေးဟောင်းနေရာ၊ ဒေသ၏ အသွင်အပြင်ပျက်စီးစေမည့် ဆောင်ရွက်မှုမျိုးမပြုလုပ်ရန် ၁၉၉၈ ခုနှစ် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မ(၉/၉၈)၊ အခန်း(၇)၊ ဥပဒေပုဒ်မ(၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃)အရ တားမြစ်ကန့်သတ်ထားပါကြောင်း၊ အဆိုပါဒေသများအတွင်း နေထိုင်သော ဒေသခံများ၊ ဌာနဆိုင်ရာများအနေဖြင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း အထက်ပါကိစ္စတစ်ခုခုကို ပြုလုပ်လိုပါက ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသို့ ကြိုတင်တင်ပြညှိနှိုင်း၍ ခွင့်ပြုချက်အရသာ ဆောင်ရွက်ရမည်ဖြစ်ပြီး ခွင့်ပြုချက်မရှိဘဲ ဆောင်ရွက်ပါက တရားဥပဒေနှင့်အညီ အရေးယူခံရမည်ဟု ယဉ်ကျေးမှုဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

## နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား နိုင်လင်းကြည်

# ထွက်ခွာမည်လား၊ ဆက်နေမည်လား ဒီဒီယာ ဒရော့ဂ်ဘာ

**လန်ဒန် မေ ၉**

ချယ်လ်ဆီးအသင်းပိုင်ရှင် အေဗရာမိုဗစ်ချ်သည် တိုက်စစ်မှူး ဒီဒီယာဒရော့ဘာ**(ယာပုံ)**အား အသင်းနှင့် စာချုပ်သစ်တစ်ရပ်ချုပ်ဆိုရန် နောက်ဆုံးအခွင့်အရေးတစ်ရပ်ပေးဦးမည်ဖြစ်ကြောင်း မေ ၉ ရက် အားကစားသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာကမူ ၎င်း၏ လက်ရှိလုပ်ခလစာ တစ်ပတ်လျှင် ပေါင် ၁၀၀၀၀၀ ဖြင့် တစ်နှစ်သက်တမ်းရှိ စာချုပ်ကမ်းလှမ်းလာမှုကို ပယ်ဖျက်လိုက်သည်။ သို့သော် ချယ်လ်ဆီးအသင်းပိုင်ရှင်အနေဖြင့် ဒရော့ဘာ လာမည့်ဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်း၌သာ ဆက်နေမည်ဆိုပါက လက်ရှိလုပ်ခလစာဖြင့် နောက်ထပ်တစ်နှစ်ထက်ပိုသော အခွင့်အရေးတစ်ရပ်ပေးရန်လည်း ပြင်ဆင်ထားခဲ့သည်ဟုဆိုသည်။

ထို့ပြင် တိုက်စစ်မှူး ဒရော့ဘာ တရုတ်စူပါကလပ် ရှန်ဟိုင်းရှင်ဟွာသို့ တစ်ပတ်လုပ်ခလစာ ပေါင် ၂၀၀၀၀၀ ဖြင့် သွားရောက်ပြီးပါက ချယ်လ်ဆီးအသင်းရှိရာ လန်ဒန်မြေသို့ ပြန်လာမည်ဟု လုံးဝယုံကြည်ထားကြောင်းနှင့် ဒရော့ဘာ၏ ဘောလုံးသမားဘဝမှာလည်း လန်ဒန်မြေ၌သာ အဆုံးသတ်မည်ဟု ယူဆထားကြောင်း ဒရော့ဘာအား ညှိနှိုင်းဆွေးနွေးခဲ့သူများက ဆိုသည်။

တိုက်စစ်မှူး ဒရော့ဘာအား ချယ်လ်ဆီးအသင်း၌သာ ဆက်လက်နေလိုကြောင်း ၎င်း၏ ကစားဖော်များကဆိုသည်။ သို့သော် အသင်းပိုင်ရှင် အေဗရာမိုဗစ်ချ်က လက်ရှိလုပ်ခလစာထက်ပိုပေးမည်မဟုတ်ဟု ဆိုခဲ့သည်။

ထို့ကြောင့် တိုက်စစ်မှူးဒရော့ဘာသည် ရှန်ဟိုင်းရှင်ဟွာအသင်းနှင့် သဘောတူညီမှုရယူခဲ့ပြီး ပြောင်းရွှေ့ကြေးပေါင် သန်း ၂၀ ဖြင့် တရုတ် စူပါကလပ် ရှန်ဟိုင်းရှင်ဟွာအသင်း၌ ၂၀၁၄ ခုနှစ်အထိကစားရန် ကတိကဝတ်ပြုထားသည်။

ချယ်လ်ဆီးအသင်းကလည်း ဒရော့ဘာအသင်း၌ ဆက်ရှိနေမည်ဆိုလျှင်သော်မှ ဒရော့ဘာ၏ အနာဂတ်မသေချာမှုကြောင့် နာပိုလီတိုက်စစ်မှူး ကာဗာနီ



နှင့် ရီးယဲလ်တိုက်စစ်မှူး ဟီဂူအင်တို့ကို ခေါ်ယူနိုင်ရေးကြိုးစားမည်ဟု ပြောကြားခဲ့သည်။

အင်တာနက်။

## ဘောလုံးလောကသတင်းတိုများ

- ❖ အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းသည် အာဆင်နယ်တိုက်စစ်မှူး ရော်ဘင်ဗန်ပါစီအား ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူလိုကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။
- ❖ ဟယ်ရီရက်နက်၏ စပါးနောက်ခံအလယ်လူ ဘေးနက်စ်သည် ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ရန် ဆန္ဒရှိနေပြီး မန်ယူအသင်းကလည်း ပက်ထရစ်အီဗရာနေရာတွင် အစားထိုးရန် ဘေးနက်စ်အား စိတ်ဝင်စားလျက်ရှိသည်ဟုဆိုသည်။
- ❖ ဝက်စ်ဟမ်းနှင့် အင်္ဂလန်ဂိုးသမား ရောဘတ်ဂရင်းသည် မေ ၁၉ ရက်တွင် ယှဉ်ပြိုင်မည့် ပရီမီယာလိဂ်ဝင်ခွင့်အတွက် ရှုံးထွက်ပွဲစဉ်တွင် မိမိတို့အသင်းအနိုင်ရရှိမည်ဟု ယုံကြည်ထားကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- ❖ စတုတ်စီးတီးအသင်းနည်းပြ တွန်နီပူးလစ်သည် အသက် (၂၃)နှစ် အရွယ်ရှိ ဘလက်ဘန်းနှင့် ဆွီဒင်နောက်တန်းကစားသမား မာတင်အိုလ်ဆင်အား ခေါ်ယူရန် ပစ်မှတ်ထားနေပြီး ပြောင်းရွှေ့ကြေးပေါင် ၄ သန်း ပေးမည်ဟုလည်းဆိုခဲ့သည်။
- ❖ အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးသည် ဟော်လန်အသင်း၏ ယူရို ၂၀၁၂ ပြိုင်ပွဲတွင် ပါဝင်ခွင့်ရရှိမည့် ဆွမ်ဆီးဂိုးသမား မိုက်ကယ်ဘွမ်းအား ခေါ်ယူရန် ပြင်ဆင်မှုများ ပြုလုပ်ထားကြောင်း ဆိုသည်။
- ❖ လီဗာပူးနည်းပြ ကင်နီဒဲဂလစ်ရှ်သည် အက်စတွန်ဗီလာအသင်းမှ တိုက်စစ်မှူး ဒါရန့်ဘန့်အား စိတ်ဝင်စားလျက်ရှိခြင်းကြောင့် စောင့်ကြည့်မှုများ ပြုလုပ်ထားသည်ဟု ဆိုသည်။
- ❖ စပိန်ကလပ်ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ဂျို့စ်မော်ရင်ဟိုသည် ကာကာနှင့် ဒီယာယာတို့အား ယခုနှစ်ဘောလုံးရာသီကုန်တွင် ရောင်းချမည်ဖြစ်ရာ အဆိုပါ ကစားသမားနှစ်ဦးအား ဝယ်ယူမည့်အသင်းများကို ရှာဖွေလျက်ရှိသည်ဟု ဆိုသည်။
- ❖ အက်စတွန်ဗီလာအသင်းသည် ဝုလ်ဗာဟမ်တန်ကွင်းလယ်ကစားသမား ကာရယ်ဟင်နရီအား စာချုပ်ချုပ်ဆိုခေါ်ယူရန် အသင့်အနေအထားတွင် ရှိနေကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

| အင်္ဂလိပ်ပရီမီယာလိဂ် ပွဲစဉ် (၃၇) အနိုင်/အရှုံးရလဒ် | | | |
|---|---|---|---|
| ၉ - ၅ - ၂၀၁၂ | | | |
| လီဗာပူး | ၄ - ၁ | ချယ်လ်ဆီး | |
| အက်စီယံ(OG) (၁၉ မိနစ်) | | ရာမီးယက် ( ၅၀ မိနစ်) | |
| ဟန်ဒါဆန် (၂၅ မိနစ်) | | | |
| အဂ္ဂါ (၂၉ မိနစ်) | | | |
| ရှဲဗင်စီ (၆၁ မိနစ်) | | | |

## ပြည်သူ့ထံမှ ပေးစာများ

### ခွေးလေခွေးလွင့်များ ရှင်းလင်းပေးပါ

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ် (၃) ရပ်ကွက်(၆၂)လမ်းအတွင်း၌ ခွေးလေခွေးလွင့်များရှိရာ ကလေးများ ၊ လမ်းသွားလမ်းလာများ ခွေးကိုက်ခံနေကြရပါသဖြင့် သက်ဆိုင်ရာက ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

**လမ်းသူ လမ်းသားများ**

### ရေထွက်ပေါက်များ ပိတ်ဆို့၊ ရေဆိုးများလျှံ

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၇)ရပ်ကွက် ကျောချင်းကပ် (၄၁ လမ်းနှင့် ၄၂ လမ်းကြားရှိ) နောက်ဖေးလမ်းကြား တိုးချဲ့ဆောင်များကြောင့် ရေမြောင်းများ ပိတ်ဆို့လျက်ရှိရာ ရေဆိုးများလျှံ၊ အနံ့ဆိုးများထွက်၊ ခြင်များပေါက်ပွားကာ ကျန်းမာရေးထိခိုက်နိုင်ပါသဖြင့် သက်ဆိုင်ရာက စိစစ်ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

**လမ်းသူ လမ်းသားများ**

### အညစ်အကြေးနံ့ ပတ်ဝန်းကျင်ပျံ့နှံ့

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် (၁၂) ရက်ကွက် မဟော်သဓာ (၃)လမ်းတွင် ဝက်အကောင်များစွာကို နောက်ဘက်လမ်းကြားမြေပေါ်ရောက်အောင် ဝက်တဲကြီးထိုး၍မွေးမြူထားရာ အညစ်အကြေးနံ့များ ပတ်ဝန်းကျင်သို့ ပျံ့နှံ့နေပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**မဟော်သဓာလမ်းသားများ**

### အန္တရာယ်ရှိအဆောက်အအုံ ဖျက်သိမ်းပြီးစီး

၁၇-၁၂-၂၀၁၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ မင်္ဂလာတောင်ညွန့်မြို့နယ် ရေတွင်းကုန်းရပ်ကွက် (၁၁၉)လမ်းမှ "အန္တရာယ်ရှိ အဆောက်အအုံဖျက်ပေးစေလို" ပေးစာနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

**မြို့တော်စည်ပင်**

# လျှပ်စစ်ဝန်ထမ်း အယောင်ဆောင်၍ ဓာတ်အားခလိမ်လည်တောင်းခံသူ ဖမ်းဆီးရမိ

**လယ်ဝေး မေ ၉**

လယ်ဝေးမြို့တွင် ကျင်းပသော ဖောင်တော်ချက်မ ဘုရားပွဲတွင် ဈေးဆိုင်ခန်းရှင်များထံမှ လျှပ်စစ်ဝန်ထမ်း အယောင်ဆောင်၍ ဓာတ်အားခလိမ်လည်တောင်းခံသူအား ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၉ ရက် မွန်းလွဲ ၂ နာရီက လယ်ဝေး ဖောင်တော်ချက်မဘုရားပွဲတော်အတွင်း၌ လူတစ်ဦးသည် ၎င်း၏ အထက်အရာရှိ လက်ထောက်အင်ဂျင်နီယာမှ ဓာတ်အားသုံးစွဲခ တောင်းခိုင်းသည်ဆို၍ ဦးခင်မောင်သိန်း(မုန့်ဆိုင်)မှ ငွေကျပ် ၅၀၀၀၊ ဦးကျော်လွင်(မုန့်ဆိုင်)မှ ငွေကျပ် ၅၀၀၀၊ ဦးမင်းဉာဏ်(အရုပ်ဆိုင်)မှ ငွေကျပ် ၅၀၀၀၊ ဒေါ်သီတာ(အထည်ဆိုင်)မှ ငွေကျပ် ၁၀၀၀၊ ဦးရွှေသီး(မုန့်ဆိုင်)မှ ငွေကျပ် ၅၀၀၀၊ ဒေါ်ပြုံး(ဇွဲလုလင်-ချားရဟတ်)ဆိုင်မှ ငွေကျပ် ၃၀၀၀၀၊ ဦးတင်အေး(ကျော်သူမိုး-ချားရဟတ်)ဆိုင်မှ ငွေကျပ် ၁၀၀၀ တို့ကို လိမ်လည်တောင်းခံသွားကြောင်း သိရသည်။ မေ ၂ ရက် ည ၁၀ နာရီခန့်တွင် ၎င်းလိမ်လည်တောင်းခံသူသည် ပွဲဈေးအနီးလာရောက်၍ မီးလာပိတ်သည်ကို ဈေးသည်များက မြင်တွေ့၍ ဝိုင်းဝန်း ဖမ်းဆီးရမိပြီး မေးမြန်းရာ ၎င်း၏ အမည်မှာ ရဲနိုင် အသက်(၂၉)နှစ် (ဘ) ဦးချစ်မြ ၄က်ပျောတောကျေးရွာ လယ်ဝေးမြို့နေသူဖြစ်ပြီး ငွေလိမ်လည်တောင်းခံခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့ရာ လယ်ဝေးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာကဌာနအမည် အသုံးပြု၍ လိမ်လည်သူအား အရေးယူပေးပါရန် လယ်ဝေးရဲစခန်းသို့ တိုင်ကြားသဖြင့် ရဲစခန်းမှ (ပ)၉၇/၂၀၁၂ ပုဒ်မ ၄၂၀(လိမ်လည်မှု)ဖြင့် အမှုဖွင့်၍ အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မင်းမင်းလတ်)



## အမှာစကား ပြောကြား

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဗဟိုသန်းခေါင်စာရင်း ကော်မရှင်နာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဗဟိုသန်းခေါင်စာရင်း ကော်မရှင် (၂/၂၀၁၂)အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# သန်းခေါင်စာရင်းနှင့်ပတ်သက်သည့် အသိပညာပေးလုပ်ငန်းများ တစ်နိုင်ငံလုံး ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်

# ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်ကြီးသည် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်

နေပြည်တော် မေ ၉

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ဇမ္ဗူသီရိဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဗဟိုသန်းခေါင်စာရင်းကော်မရှင် (၂/၂၀၁၂)အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။**

အဆိုပါ အစည်းအဝေးသို့ ဗဟိုသန်းခေါင်စာရင်းကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ကော်မရှင်အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ဗဟိုသန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကား ပြောကြားရာတွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် လုပ်ငန်းပမာဏကြီးမားကျယ်ပြန့်ရာ လုပ်ငန်းအဆင့်တိုင်း အဆင်ပြေချောမွေ့စွာ အချိန်မီဆောင်ရွက်ပြီးစီးနိုင်ရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ရမည့် ဤအမျိုးသားရေးလုပ်ငန်းစဉ်ကြီးသည် အစိုးရဝန်ကြီးဌာနပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံ၊ လူထုလူတန်းစားပေါင်းစုံနှင့် အတူလက်တွဲဆောင်ရွက်သွားရမည့် လုပ်ငန်းကြီးဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် စီမံကိန်းများ ချမှတ်ဆောင်ရွက်ရာ၌ ယင်းနိုင်ငံ၏ လူသားအရင်းအမြစ်များ မည်မျှရှိသည်ဆိုသည့်အချက်က အလွန်အရေးပါကြောင်း၊ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရန်သာမက ဆောင်ရွက်ပြီးစီးသော စီမံကိန်းရလဒ်များကို အကဲဖြတ်ရန်၊ စံပြုရန်၊ လူဦးရေ၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာမူဝါဒများ၊ အစီအစဉ်များ ရေးဆွဲချမှတ်နိုင်ရန်နှင့် နိုင်ငံတော်၏ လက်ရှိနှင့် အနာဂတ်ကာလအတွက် အဓိကလိုအပ်သော အချက်အလက်များဖြစ်သည့်အတွက် ပြည်လုံးကျွတ် လူဦးရေသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း။

လူဦးရေသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းသည် လုပ်ငန်းပမာဏ ကြီးမားကျယ်ပြန့်ပြီး ရှုပ်ထွေးနက်နဲ၊ ကုန်ကျစရိတ်ကြီးမားသော လုပ်ငန်းကြီးတစ်ခုဖြစ်သည့်အတွက် ကမ္ဘာ့နိုင်ငံအများစု၌ လူဦးရေသန်းခေါင်စာရင်းကို အများအားဖြင့် (၁၀)နှစ်တစ်ကြိမ်ကျသာ ကောက်ယူလေ့ရှိကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးနောက် ၁၉၅၃ ခုနှစ်တွင် မြို့ပေါင်း ၂၅၂ မြို့နယ်နှင့် ချင်းပြည်နယ်၊ ၁၉၅၄ ခုနှစ်တွင် မြန်မာပြည် ပြည်မကျေးရွာအုပ်စု ၂၇၄၃ ခုနှင့် ကချင်ပြည်နယ်ရှိ ကျေးရွာအုပ်စု ၁၀၁၆ ခုတို့တွင် သန်းခေါင်စာရင်းကို ကောက်ယူခဲ့ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ၁၉၇၃ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၈၃ ခုနှစ်တွင် တစ်ကြိမ် ကောက်ယူနိုင်ခဲ့ကြောင်း။

၁၉၇၃ ခုနှစ် သန်းခေါင်စာရင်းကောက်ယူသည့် အဓိကရည်ရွယ်ချက်များမှာ ဆိုရှယ်လစ်စီးပွားရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုရန်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းရာ၌ လိုအပ်သည့် ပြည်သူ့အင်အားစာရင်းဇယားများ ထုတ်ပြန်နိုင်ရန်နှင့် ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများ ရရှိရန်တို့ဖြစ်ကြောင်း။

၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းကောက်ယူခြင်း၏ ရည်ရွယ်ချက်များမှာ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးလုပ်ငန်းရပ်များ အတွက် ခိုင်လုံသော အခြေခံစာရင်းအင်းများရရှိရန်၊ လူဦးရေ ကိန်းဂဏန်းများ အရည်အသွေးဆန်းစစ်ခြင်း၊ မွေးဖွားမှု၊ သေဆုံးမှု၊ လူဦးရေပြောင်းလဲမှု အခြေအနေများ ခန့်မှန်းခြင်းနှင့် လူဦးရေသုတေသနလုပ်ငန်းများ ပြုလုပ်နိုင်စေရန်တို့ဖြစ်ကြောင်း။

ယခုလာမည့် ၂၀၁၄ ခုနှစ်တွင် ကောက်ယူမည့် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူခြင်း၏ ရည်ရွယ်ချက်မှာ နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးလုပ်ငန်းများအတွက် ခိုင်မာသည့် အခြေခံစာရင်းအင်းများရရှိရန်၊ နောင်လာမည့်နှစ်များအတွက် စီမံကိန်းများ ရေးဆွဲရာတွင် ပိုမိုတိကျမှုရှိသော ခိုင်မာသည့် ခန့်မှန်းလူဦးရေများ တွက်ချက်ပေးနိုင်ရန်၊ မွေးဖွားမှု၊ သေဆုံးမှု၊ လူဦးရေပြောင်းလဲမှု အခြေအနေများ ခန့်မှန်းနိုင်ရန်နှင့် အခြားလူဦးရေဆိုင်ရာ သုတေသနလုပ်ငန်းများ ပြုလုပ်နိုင်စေရန်၊ လူမှုရေး၊ စီးပွားရေးနှင့် အခြားနမူနာကောက်စစ်တမ်းများအတွက် အခြေခံစာရင်းများ ရရှိစေရန်၊ တိုင်းရင်းသားမျိုးနွယ်စုများနှင့် ပတ်သက်သည့် မျိုးနွယ်စုများ၏ အမည်၊ အခေါ်အဝေါ်များကို မှန်မှန်ကန်ကန်ပြုစုနိုင်ရန်၊ ၎င်းတို့၏ နေရပ်ဒေသ တည်ရှိမှုများကို မှန်မှန်ကန်ကန် ဆန်းစစ်နိုင်ရန်နှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့**❖

# (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ရုပ်မြင်သံကြားရိုက်ကူးထုတ်လွှင့်ရေးနှင့် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများကို အဆင့်မြင့်မြင့်၊ ခမ်းခမ်းနားနားဖြင့်ကျင်းပနိုင်ရေး ဆွေးနွေး

နေပြည်တော် မေ ၉

**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Beijing B.V.E. Low Altitude Spatial Technology Co.,Ltd. မှ Mr. Wenji Gong နှင့် China Digital Video Limited မှ Mr. Hao Li Ming တို့ ဦးဆောင်သည့် အားကစားပြိုင်ပွဲများတွင် ခေတ်မီစက်ကိရိယာများနှင့် နည်းပညာအသုံးပြု၍ သတင်းရိုက်ကူးထုတ်လွှင့်ခြင်း၊ မှတ်တမ်းတင်ခြင်းများ အတွေ့အကြုံရှိသောအဖွဲ့နှင့် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးကျော်ဆန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ Beijing B.V.E. Low Altitude Spatial Technology Co., Ltd မှ Mr.Wenji Gong နှင့် China Digital Video Limited မှ Mr.Hao Li Ming တို့ ဦးဆောင်သည့်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံဆွေးနွေးရာတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရုပ်မြင်သံကြားရိုက်ကူးထုတ်လွှင့်ရေးနှင့် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများကို အကောင်းဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်ရေး၊ ရုပ်မြင်သံကြားထုတ်လွှင့်မှုနှင့် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများကို ရင့်ကျက်ပြီး အတွေ့အကြုံများကိုအခြေခံ၍ အဆင့်မြင့်မြင့်၊ **စာမျက်နှာ ၉ ကော်လံ ၁ သို့**❁

